# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၁၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**သက်ဆိုင်ရာနိုင်ငံများ၏ ဈေးကွက်စံနှုန်းနှင့်အညီ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်**
ပြည်တွင်းသတင်း စာ ၅

**မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ**
ဆောင်းပါး စာ ၆






**ဖိလစ်ပိုင်က တောင်ကိုရီးယားမှ အပေါ့စားတိုက်ခိုက်ရေး လေယာဉ် ၁၂ စင်း ဝယ်ယူ**
နိုင်ငံတကာသတင်း စာ ၁၄






## မုဒုံမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ဧက ၇၅၀၀၀ ကျော် စိုက်ပျိုးသွားမည်

မုဒုံ ဇွန် ၁၄


မွန်ပြည်နယ် မုဒုံမြို့၌ စပါးအထွက်နှုန်း တိုးတက်မြင့်မားစေရေးအတွက် ဆည်ရေသောက်နှင့် ချောင်းပိတ်မြောင်းပိတ်စနစ်ဖြင့် ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ၇၅၆၆၅ ဧက စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသတွင်းစားရေရိက္ခာဖူလုံစေရေးနှင့် စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တောင်သူများအား နှစ်စဉ်မျိုးသန့် မျိုးစေ့ပံ့ပိုးခြင်း၊ ဘောင်ပျိုးစနစ်ဖြင့် ဧက ၆၀၊ ပျိုးထောင်ရွှေ့ပြောင်းခြင်းဖြင့် ၃၂၃၅ ဧက၊ ကောက်စိုက်စက်ဖြင့် ၁၀ ဧက၊ မျိုးစေ့ချကိရိယာဖြင့် ၂၈၂၅ ဧကနှင့် ကြဲခင်း ၄၀၆၃၅ ဧက စုစုပေါင်းမိုးစပါးစိုက်ဧက ၇၅၆၆၅ ဧကကို စိုက်ပျိုးရန်လျာထားကြောင်းနှင့် စံပြကွက်များကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြေဆီလွှာတွင် အာဟာရဓာတ်ပါဝင်မှု စစ်ဆေးပြီး ဓာတ်မြေဩဇာနှုန်းထား ထောက်ခံချက်ပေးခြင်း၊ ဘက်စုံ ပိုးမွှားရောဂါကာကွယ်ခြင်း နည်းစနစ်များ


စာမျက်နှာ ၄ ကော်လံ ၁ ●


## ဇွန် ၁၉ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးမည်

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၄-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၉-၆-၂၀၂၅ ရက်နေ့ အတွက် မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ။




နေပြည်တော် ဇွန် ၁၄

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊


စာမျက်နှာ ၃ ကော်လံ ၁ ✻

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး

## အဆောက်အအုံကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရန်နှင့် အရည်အသွေးနှင့် ကြံ့ခိုင်မှုအပိုင်းကို အထူးဂရုပြုရန်လိုအပ်

ရန်ကုန် ဇွန် ၁၄

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ အမှတ်(၁၈-A)၌ စာဆိုဗိမာန် သုံးထပ် (RC) အဆောက်အအုံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းဆောင်ခန်းမ၌ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စာဆိုဗိမာန်ကို တာဝန်ယူတည်ဆောက်နေသည့် Myanmar Land & Development Ltd Project Director တို့က စာဆိုဗိမာန်အဆောက်အအုံ ၅၂ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ခေတ်မီအဆောက်အအုံ ဖြစ်ရန်လိုအပ်**

ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံကိုသတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရန်နှင့် အရည်အသွေးနှင့် ကြံ့ခိုင်မှုအပိုင်းကို အထူးဂရုပြုရန်လိုအပ်ကြောင်း၊ အရည်အသွေး စစ်ဆေးရေးအဖွဲ့ကလည်း အထူးကြပ်မတ်စစ်ဆေးရန် လိုအပ်ကြောင်း၊ စာဆိုဗိမာန်တွင် စာပေ၊ ဂီတ၊ သဘင်နှင့်ပတ်သက်ပြီး ပြသနိုင်ရန် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပညာရှင်ကြီးများ၏ အကြံဉာဏ်ကိုရယူကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြတိုက်အတွင်းပြသမည့်ပစ္စည်းများကိုလည်း အချိန်မီစုဆောင်းထားရန် လိုအပ်ကြောင်း၊ စာဆိုဗိမာန်ကို အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ စာဆိုဗိမာန်အဆောက်အအုံကို ခံ့ညားထည်ဝါပြီး ခေတ်မီအဆောက်အအုံဖြစ်ရန် လိုအပ်ကြောင်း၊ စာဆိုဗိမာန်အဆောက်အအုံဝင်းအတွင်း/အပြင် သာယာလှပစေရန် သစ်ပင်၊ ပန်းမန်အလှပင်များ စနစ်တကျစိုက်ပျိုးထားရှိရေး၊ အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အသုံးပြုဆောင်ရွက်ရေး၊ နိုင်ငံတော်အဆင့် အဆောက်အအုံဖြစ်သည့်အပြင် အိန္ဒိယ - မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ် အဆောက်အအုံဖြစ်သည့်အတွက် စာဆိုဗိမာန်ကို စနစ်တကျဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာဆိုဗိမာန်သုံးထပ် (RC)အဆောက်အအုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ညနေပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးဝင်းအတွင်းရှိ သီးခြားအဆောက်အအုံ ၌ BBTV ကုမ္ပဏီမှ ငှားရမ်း၍ MYANSAT DTH ထုတ်လွှင့်ရေး လုပ်ငန်းဆောင်ရွက်မှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ BBTVကုမ္ပဏီမှ Vice Chairman ဦးသန့်ဇင်က ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှစ၍ MYANSAT DTH ထုတ်လွှင့်မှုကို အခမ်းအနားဖြင့် ဖွင့်လှစ်၍ ပြည်တွင်းထုတ်လုပ်မှု ရုပ်သံလိုင်း ၁၆ လိုင်းနှင့် ပြည်ပထုတ်လုပ်မှု ရုပ်သံလိုင်း ၁၄၀ စုစုပေါင်းရုပ်သံလိုင်း ၁၅၆ လိုင်းကို အခပေးစနစ်ဖြင့် ထုတ်လွှင့်နေပါကြောင်း၊ နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေး မြို့ကြီး သုံးမြို့တွင် ဖြန့်ချိရေးကိုယ်စားလှယ်များ ထားရှိဆောင်ရွက်နေပါကြောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြဋ္ဌာန်းထားရှိသည့် ရုပ်သံထုတ်လွှင့်မှုဥပဒေအပါအဝင် တည်ဆဲအခြားဥပဒေ၊ နည်းဥပဒေများနှင့် Update ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုကို ဂရုပြုလိုက်နာဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ပြည်ပဇာတ်လမ်းတွဲများ ပြသစဉ် မြန်မာစာတမ်းပြေးဖြင့် ဖော်ပြပေးရန်လိုကြောင်း၊ နိုင်ငံနှင့်ပြည်သူအတွက် အားကိုးအားထားဖြစ်စေမည့် မီဒီယာလုပ်ငန်းကြီး တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် MYANSAT DTH ထုတ်လွှင့်ရေး လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။

**သတင်းစဉ်**


*✻ ရှေ့ဖုံးမှ*

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၅-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၆-၆-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ။**



# ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၄**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အထက်ဘီလူးချောင်း ရေအား လျှပ်စစ်စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် မန္တလေး ငလျင်ကြီးကြောင့် အင်းလေးဒေသ ကျေးရွာများအတွင်းရှိ ပျက်စီးသွားသည့် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုနှင့် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်ရွှေမြို့နယ်ရှိ ဘီလူးချောင်းပေါ်တွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနမှအကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းဧရိယာအတွင်းရှိ ရေလွှဲဆည်တည်ဆောက်ခြင်း လုပ်ငန်း၊ ရေသွယ်မြောင်းနှင့် ရေထိန်းကန်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်း အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ ဘီလူးချောင်းပေါ်တွင် ကွန်ကရစ်တမံ (Overflow Type) တည်ဆောက်ပြီး အမှတ်(၁)စက်ရုံမှ ၂၀ ဒသမ ၄ မဂ္ဂါဝပ်နှင့် အမှတ်(၂)စက်ရုံမှ ၁၀ မဂ္ဂါဝပ်စုစုပေါင်း စက်တပ် ဆင်အင်အား ၃၀ ဒသမ ၄ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံနှစ်ရုံတည်ဆောက်ပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း အမှတ်(၁) စက်ရုံမှ ၉၀ ဒသမ ၁ သန်းနှင့် အမှတ်(၂) စက်ရုံမှ ၄၄ ဒသမ ၃ သန်းထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၄၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက် ရှိကြောင်း သိရသည်။



**ပြန်လည်ပြုပြင်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်ရွှေမြို့နယ် အင်းလေးဒေသသို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားခဲ့သည့် အင်းလေးဒေသ၊ ကြာတောကျေးရွာ၌ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့မှုအခြေအနေများ၊ ပြုပြင်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ကေလာကျေးရွာနှင့် အုန်းပင်ကျေးရွာတို့၌ ပျက်စီးသွားသည့် ဓာတ်အားလိုင်းများအား ညောင်ရွှေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ကျွမ်းကျင်ဝန်ထမ်းများက အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှု အားပေး၍ **(အပေါ်ပုံ)** ထောက်ပံ့ငွေများ ပေးအပ်သည်။


ထို့နောက် အင်းလေး ဖောင်တော်ဦးဘုရားအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး အလှူတော်ငွေများ ဆက်ကပ်လှူဒါန်း၍ ပင်မကျောင်းဆောင်ဒေါက်တိုင်များ ပြုပြင်ဆောင်ရွက်နေမှု၊ ဝရန်တာနှင့် အခြား ချို့ယွင်းပျက်စီးသွားမှုများကို ပြန်လည်ပြုပြင်ရန် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် 2nd Cocom နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်

**ရန်ကုန် ဇွန် ၁၄**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူးများနှင့်အတူ ဇွန် ၁၀ ရက်မှ ၁၃ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပပြုလုပ်သည့် $2^{nd}$ Cocom နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၁ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပပြုလုပ်မည့်အားကစားကွင်း၊ အားကစားရုံများ၊ ဘောလုံးပြိုင်ပွဲဖိုလ်လုပွဲနှင့် ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများ ကျင်းပမည့် Rajama ngala National Stadium ၊ ရေကူးကန်၊ Indoor Stadium Huamark ၊ THAI Cycling Hall of Fame ၊ Archery Field များသို့ သွားရောက်လေ့လာခဲ့သည်။

ဇွန် ၁၂ ရက်ကလည်း ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဟိုတယ်ခရီးနှင့် အားကစားဝန်ကြီးဖြစ်သူ H.E Mr. Sorawong Thienthong နှင့်တွေ့ဆုံ၍ မြန်မာအသင်း လာရောက်ယှဉ်ပြိုင်သည့်အခါတွင် အားကစားကွင်း၊ အားကစားရုံများ၌ ကြိုတင်ပြင်ဆင်လေ့ကျင့်ခွင့်၊ ပိုမိုထိတွေ့ခွင့်ရရှိစေရေးတို့အတွက် တတ်စွမ်းသမျှကူညီပေးရန် ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ $2^{nd}$ Cocom နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Dato Seri Chaiyapak Siriwat၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ H.E Mr. Sorawong Thienthong နှင့် ထိုင်းအမျိုးသား အိုလံပစ်ကော်မတီဥက္ကဋ္ဌအသစ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံအမျိုးသားကော်မတီဥက္ကဋ္ဌတို့က တက်ရောက်လာသည့် ကောင်စီဝင်များအား တရားဝင်ဖိတ်ကြားလွှာများ ပေးအပ်ခြင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်ကောင်စီအစည်းအဝေး၏ လုပ်ငန်းစဉ်များ သုံးသပ်ခြင်းနှင့်အတည်ပြုခြင်း၊ ၂၀၂၄ ခုနှစ် အစည်းအဝေးမှတ်တမ်းပါ ကိစ္စရပ်များအပေါ် ဆွေးနွေးရှင်းလင်းအတည်ပြုခြင်း၊ SEAGF ရုံး၏ COO ရာထူးအား CEO အမည်အသစ်အဖြစ် ပြန်လည်ခန့်အပ်ရန် အဆိုပြုချက်ကို သုံးသပ်အတည်ပြုခြင်း၊ SEAGF Honorary Membership များအဖြစ် Dr. Varin Tansuphasiri ၊ Dato'Low Beng Chooနှင့် Mr. CHAN Seng Heng Christopher သုံးဦးတို့အား ခန့်အပ်ခြင်းနှင့် အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်ရုံး၏ အစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်းတို့ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပပြုလုပ်သွားမည့် အားကစားနည်း ၅၀ နှင့် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း၊ အားကစားရုံများ၊ အစီရင်ခံစာနှင့် ရုပ်သံလွှင့်ခြင်းဆိုင်ရာ အစီရင်ခံစာကို ဖတ်ကြားတင်ပြခြင်းနှင့် ၂၀၂၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အစီရင်ခံစာ ဖတ်ကြား တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (South East Asia Games) အမည်ကိုသာ ဆက်လက်ခေါ်ဝေါ်သုံးစွဲသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

**သတင်းစဉ်**

● *ရွှေဖုံးမှ*

လက်တွေ့ပြသခြင်းနှင့် ကင်းထောက်စစ်ဆေးခြင်း၊ သွင်းအားစုဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးနည်းပညာ အသိပညာပေးခြင်းလုပ်ငန်းများကို တောင်သူများနှင့်တွေ့ဆုံ၍ ကွင်းတာဝန်ခံများက ကွင်းဆင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခုနှစ် မိုးစပါးများကို မေလမှစတင်၍ မိုးစပါးများ ပျိုးထောင်စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က ပြောသည်။

မုဒုံမြို့နယ်အတွင်းရှိ တောင်သူများက မိုးစပါးများကို အဓိကအားထားစိုက်ပျိုးကြပြီး ယခင်နှစ် မိုးစပါးရာသီတွင် စိုက်ဧက ၇၅၁၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၆၆ ဒသမ ၈၂ တင်းခန့် ထွက်ရှိခဲ့ကြောင်း သိရသည်။

**ရာမည (ပြန်/ဆက်)**

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လှိုင်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့ရှိ ဒေသန္တရကျန်းမာရေးဌာနများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသော ဒေသန္တရကျန်းမာရေးဌာန(UHC) များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့ရှိ ဒေသန္တရကျန်းမာရေးဌာနများ၌ အဆိုပါဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒေသန္တရကျန်းမာရေးဌာနများနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဒေသန္တရကျန်းမာရေးဆေးခန်းများ၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးထားသည့် ဆေးဝါးများအသုံးပြုမှု၊ ကာကွယ်ဆေးထိုးနှံနေမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို စစ်ဆေးကာ ဆေးဝါးများ အကျိုးရှိစွာအသုံးပြုစေရေး၊ မိမိတို့ဒေသတွင်းသို့ ပြောင်းရွှေ့လာသည့် ရွှေ့ပြောင်းပြည်သူများ ကျန်းမာရေးအသိပညာမြှင့်တင်နိုင်ရေးနှင့် ဆေးကုသမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ သတ်မှတ်နေ့ရက်အလိုက် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများဖြစ်သော ကိုယ်ဝန်ဆောင်များ၊ ကူးစက်ရောဂါနှင့်သက်ဆိုင်သောလူနာများ၊ သွေးတိုး၊ ဆီးချိုစသော မကူးစက်တတ်သောရောဂါလူနာများ၊ သက်ကြီးပုဂ္ဂိုလ်များ၊ သွားနှင့်ခံတွင်းနှင့် မီးတွင်းမိခင်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် (၅)နှစ်အောက်ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်နှင့် မြို့ပြနှင့် ကျေးလက်ကျန်းမာရေးအဆင့် ကွာဟမှုမရှိစေရေး၊ဒေသန္တရကျန်းမာရေးဌာန (Urban Health Center–UHC) များကို မြို့ပေါ်၌



ဖွင့်လှစ်ထားရှိရာ ပြည်သူအားလုံးအကျုံးဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ယခုထက် ပိုမို၍ အားဖြည့်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သက်ဆိုင်ရာနိုင်ငံများ၏ ဈေးကွက်စံနှုန်းနှင့်အညီ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်

**နေပြည်တော် ဇွန် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန၌ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် သင်တန်းသားအိပ်ဆောင်အဖြစ်အသုံးပြုမည့်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက်တိရစ္ဆာန်ဆေးကုသိပ္ပံ ဒီပလိုမာသင်တန်း အမှတ်စဉ်(၂)တွင် လေ့လာသင်ယူလျက်ရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ တိရစ္ဆာန်ဆေးကုသရေးနှင့် မွေးမြူရေးကဏ္ဍအတွက် စွမ်းဆောင်ရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပေါ်ထွန်းလာရေး ကြိုးစားအားထုတ်ကြရန် အားပေးစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် လှိုင်သာယာမြို့နယ် စက်မှုဇုန် (၂) ရှိ Shwe Ngar Processing and Cold Storage Plant သို့ရောက်ရှိပြီး တန် ၅၀၀ ဆံ့ အအေးခန်း စက်ရုံတည်ဆောက်၍ အပ်ကုန်လက်ခံဆောင်ရွက်နေမှု၊ အအေးခဲရေချိုရေငန်ငါးများအား UK, ITALY, Belgium, UAE, Singapore နိုင်ငံများသို့ တင်ပို့နေမှုတို့ကို လည်းကောင်း၊ ဇုန်(၆) ရှိ GLORY ONE COMPANY LIMITED အအေးခန်းစက်ရုံတွင် နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန် Good Manufacturing Practices (GMP), Hazard Analysis Critical Control Points System (HACCP) စနစ်နှင့်အညီ ရေချိုရေငန် ငါး၊ ပုစွန်များ၊ ငါးခြောက်၊ ပုစွန်ခြောက်နှင့် ဗာလချောင်ကြော်များကို ဈေးကွက်လိုအပ်ချက်အရ ပြုပြင်ထုတ်လုပ်၍ အီရတ်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ကာတာ၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ် စသည့်အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ တင်ပို့နေမှု၊ MIN ZAR NI FISHERIES Co., Ltd. ၏ ငါးအသားချောင်း၊ ရေချိုရေငန် ငါးအေးခဲမှုနှင့် ငါးရှဉ့်များကို Korea, Taiwan, Japan, Hong Kong, China နိုင်ငံများသို့ တင်ပို့နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာနိုင်ငံများ၏ ဈေးကွက်စံနှုန်းနှင့်အညီ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဇွန် ၁၄ ရက်အထိ သေဆုံးသူ ၃၇၅၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၄ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၁ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့် ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့ လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇွန် ၁၃ ရက် ညနေ ၅ နာရီမှ ဇွန် ၁၄ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ စင်ကာပူနိုင်ငံ Lotus Light Charity Society က လှူဒါန်းသည့် အသင့်စားခေါက်ဆွဲခြောက်၊ Buddha Dhamma Mandala Society နှင့် Love and Care Charity Group တို့ကလှူဒါန်းသည့် Sleeping Bag နှင့် ယာယီမိုးကာတဲ အလေးချိန် ၀ ဒသမ ၁၅၂ တန် ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့သည့်ပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆီဆိုင်မြို့နယ်၌ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်း နည်းပညာသင်တန်းဖွင့်

**ဆီဆိုင် ဇွန် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်း နည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်လှသိန်းက သင်တန်းသုံးပစ္စည်းများကို သင်တန်းသားတစ်ဦးအား ပေးအပ်သည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများသည် သင်တန်းသုံးပစ္စည်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို အခြေခံသင်တန်း ဇွန် ၁၂ ရက်မှ ဇူလိုင် ၁၁ ရက်အထိ၊ မွမ်းမံသင်တန်း ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၂ ရက်အထိ စာတွေ့လက်တွေ့ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ပြီး ဆီဆိုင်မြို့နယ်အတွင်းရှိ သင်တန်းသား ၁၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ

ပေါက်ပေါက်




သွေးလွန်တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားတတ်ပြီး မိုးဦးကျကာလမှစတင်၍ မိုးရာသီတွင် အဖြစ်အများဆုံး ရောဂါဖြစ်သည်။ ကမ္ဘာ့လူဦးရေထက်ဝက်ခန့်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနေပြီး တစ်နှစ်လျှင် ရောဂါကူးစက်ခံရသူ သန်း ၄၀၀ နီးပါးရှိကြောင်း၊ ၎င်းတို့အနက် လူကြီး ၁၀ ရာခိုင်နှုန်းနှင့် ကလေး ၃၀ ရာခိုင်နှုန်း ပါဝင်ကြောင်း၊ အရှေ့တောင်အာရှဒေသ၌ မုတ်သုံတောပေါများရာ အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း သိရသည်။ မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် သွေးလွန်တုပ်ကွေးရောဂါသည် ကပ်ရောဂါအဖြစ် ၁၆၃၅ ခုနှစ်တွင် ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လူဦးရေထူထပ်ပြီး စိုစွတ်နေရာ အများအပြားရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရောဂါဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း လေ့လာသိရှိရသည်။ ထို့ကြောင့် သွေးလွန်တုပ်ကွေး ဖြစ်ပွားစေသည့် ခြင်ကျားနှင့် ပိုးလောက်လမ်းများအား ကြိုတင်နှိမ်နင်းရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းစဉ်များကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် အစဉ်သတိပြု လုပ်ဆောင်သင့်ပေသည်။

## သွေးလွန်တုပ်ကွေးဆိုသည်မှာ

သွေးလွန်တုပ်ကွေးရောဂါ၏ အဓိကတရားခံက အေးဒီးစ်ခြင်ကျားများဖြစ်ပြီး ရေကြည်ရေသန့်တွင် ပေါက်ပွားလေ့ရှိသည်။ ခြင်ကျားသည် ပိုးလောက်လမ်းဘဝမှ ခြင်ကောင်ဖြစ်ရန် ခုနစ်ရက်ခန့် ကြာမြင့်သည်။ ခြင်တစ်ကောင်၏ ပျမ်းမျှသက်တမ်းသည် တစ်လမှ သုံးလခန့်ရှိသည်။ ခြင်မတစ်ကောင်သည် သူ့သက်တမ်းတစ်လျှောက် အနည်းဆုံး ခုနစ်ကြိမ်ခန့် အောင်အောင်မြင်မြင် ဥနိုင်သည်။ တစ်ကြိမ်ဥလျှင် ရာသီဥတုနှင့် နေရာတို့ပေါ် မူတည်၍ ဥ ၅၀ မှ ၃၀၀ ခန့်အထိ ဥနိုင်သည်။ မိုးရွာပြီးနောက် ရေအိုင်များ၊ အိုးခြမ်းပဲ့များ၊ ဘက်ထရီအိုးဟောင်းများတွင် မိုးရေတင်ကျန်ခဲ့ပြီးနောက် နေထွက်လာသောအခါ ပိုးလောက်လမ်းများ ပေါက်ပွားလာကြကာ ၎င်းမှတစ်ဆင့် ခြင်းကျား (ခေါ်) ခြင်ပုန်းများဖြစ်လာသည်။ ခြင်ပုန်းများက ပေါက်ပွားမှုမြန်ဆန်ပြီး ကိုက် ၁၀၀ အထိ ပျံသန်းနိုင်ကြသည်။

နေ့ဘက်အချိန်များတွင် ခြင်ကိုက်လေ့ရှိသည်။ ယင်းခြင်များက မိုးဦးစကျောင်းဖွင့်ချိန် လူဦးရေထူထပ်သော စာသင်ကျောင်းများတွင် သွေးစုပ်ရန် ကျက်စားလာကြသည်။ ခြင်ဆိုးများသည် လူတစ်ဦးဆီမှ နောက်တစ်ဦးဆီသို့ မတူညီသော သွေးများကို သယ်ဆောင်၍ သွေးစုပ်ခံရခြင်းဖြင့် လူထုအကြား သွေးလွန်တုပ်ကွေးရောဂါ အစပျိုးဖြစ်ပေါ်လာရသည်။ ရှေးကာလများက အသက် သုံးနှစ်နှင့် ၁၅ နှစ် အရွယ်ကလေးများတွင် သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များကြပြီး နောက်ပိုင်းတွင် တစ်နှစ်အောက် ကလေးများသာမက အသက် ၁၅ နှစ်အထက် (၂၅ နှစ်မှ ၃၀) အရွယ်များလည်း သွေးလွန်တုပ်ကွေးဖြစ်လာကြပြီး လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုများသည်။ ယခုလို မိုးဦးဇွန်လမှစ၍ စက်တင်ဘာလအထိ အဖြစ်များ၍ သတိနှင့် ကြိုတင်ကာကွယ်တတ်ကြရန် အရေးကြီးသည်။

## သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများ

ရောဂါလက္ခဏာများမှာ အပူချိန် ၁၀၀ နှင့်အထက် အဖျားကြီးခြင်း၊ ကိုယ်အပူချိန် ၁၀၅ ဒီဂရီဖာရင်ဟိုက်ခန့်အထိ ရုတ်တရက် ဆောင့်တက်လာခြင်း၊ ခေါင်းလွန်စွာကိုက်ခဲခြင်း၊ နားထင်များနာကျင်ကိုက်ခဲခြင်း၊ အရိုး၊ ကြွက်သား၊ အရိုးဆစ်စသည့် ကိုယ်လက်ကိုက်ခဲခြင်း၊ ဗိုက်နာဗိုက်အောင့်ပြီး ဗိုက်ကိုအထိမခံနိုင်ခြင်း၊ ခိုက်ခိုက်တုန်၍ ခြေဖျားလက်ဖျား အေးစက်ခြင်း၊ အရေပြားပေါ် အနီရောင်အစက်များ ပေါ်လာခြင်း၊ မျက်နှာနီအမ်းခြင်း၊ ပင်ပန်းနွမ်းနယ်ကာ အချိန်ပြည့်မှိန်းနေတတ်ပြီး အစာစားချင်စိတ်မရှိခြင်း၊ အစားအသောက်အရည်ဝင်ပြီးသည်နှင့်တစ်ပြိုင်နက် အန်ထွက်ခြင်း၊ လည်ချောင်းနာခြင်း၊ လက်မောင်းကို သွေးပေါင်ချိန်တိုင်းကိရိယာနှင့် တိုင်းကြည့်ပါက Hess Test Positive ဖြစ်နေခြင်း စသည်တို့ဖြစ်သည်။ အချို့သူများမှာ ချောင်းဆိုး၊ နှာစေး၊ ဝမ်းပျက်၊ ဝမ်းလျှော ဖြစ်တတ်သည်။

## သွေးလန့်ခြင်းရောဂါလက္ခဏာများ

အထက်ပါလက္ခဏာများသည် သာမန်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပြီး ဆေးဝါးကုသမှုခံယူပါက ပျမ်းမျှ ရက်သတ္တတစ်ပတ်အတွင်း နေကောင်းသွားပါလိမ့်မည်။ သို့သော် သုံးရက်မှ ငါးရက်အတွင်း အဖျားတက်ရာမှ ရုတ်တရက်အဖျားကျလာပြီး တော်တော်နှင့် မလန်းဆန်းဘဲ လေးလံထိုင်းမှိုင်း၍ မှိန်းနေခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ ခြေလက်များ အေးစက်ခြင်း စသည်တို့သည် သွေးလန့်ခြင်းလက္ခဏာများဖြစ်သည်။ အထူးသဖြင့် ကလေးများ သွေးလန့်လေ့ရှိကြသည်။ “သွေးလန့်ခြင်း” ဆိုသည်မှာ ခန္ဓာကိုယ်အနှံ့အပြားကို သွေးသွားလာမှု လျော့သွားခြင်းကို ဆိုလိုပါသည်။ သွေးရည်ကြည်များ ပြင်ပကို ခဏထွက်သွားသည်ဟု ဆေးသိပ္ပံပညာအရ ပြောလေ့ရှိပြီး အသက်အန္တရာယ်စိုးရိမ်ရသဖြင့် “အဖျားကျစဉ်မလန်းလျှင် အစဉ်သတိချပ်” ဟု ပြောစမှတ် ပြုကြသည်။

သွေးလန့်သော အခြားလက္ခဏာများမှာ မတ်တတ်ရပ်စဉ် မူးယိုင်ခြင်း၊ မကြာခဏ အဖျားတက်လိုက် ကျလိုက်ဖြစ်ခြင်း၊ မောပန်းခြင်း၊ သွေးခုန်နှုန်းသိသိသာသာ ကျဆင်းသွားခြင်း၊ အာခံတွင်း ခြောက်သွေ့ခြင်း၊ အသက်ရှူနှုန်း မြန်ဆန်လာခြင်း၊ အသည်းရောင်ကိုင်းခြင်း၊ ကော်ဖီရောင်ပျို့အန်ခြင်း၊ သွားဖုံးသွေးထွက်ခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ သွေးဖြူဥနည်းသွားခြင်း၊ ဆီးနည်းလာပြီး ဆီးထဲသွေးပါခြင်း၊ ကတ္တရာစေးအရောင် ဝမ်းအမည်းများသွားခြင်း စသည်တို့ ဖြစ်ကြသည်။ ထိုအခြေအနေမျိုးတွင် ဆရာဝန်၏လက်ဦးမှုကို အရယူနိုင်ဖို့ လွန်စွာအရေးကြီးသည်။ ထိုအခါ လူနာ၏ရောဂါအခြေအနေနှင့် ကိုယ်ခံစွမ်းအားပေါ် မူတည်ပြီး တစ်နာရီခြားတစ်ခါ စောင့်ကြည့်ကာ ဆရာဝန်က လိုအပ်သလို ရိုးရိုးဆားရည်သွင်းခြင်း သို့မဟုတ် သွေးရည်ကြည်သွင်းခြင်းတို့ကို သွေးခုန်နှုန်းပမာဏ၊ ဆီးပမာဏနှင့် သွေးပျစ်ကျဲနှုန်း စသည်တို့ပေါ် မူတည်၍ ထိရောက်စွာ ကုသမှုခံယူရမည်။

## ရောဂါဖြစ်နေချိန် ရှောင်ကြဉ်ရမည့် အစားအစာများ

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နေပါက အစာမဖြတ်သင့်ဘဲ အစားအသောက်များ စားရမည်။ စွပ်ပြုတ်ရည်၊ ဓာတ်ဆားရည် စသည့်အားရှိစေမည့် အစားအသောက်များကို ဝင်အောင်ကျွေးမွေးရပါမည်။ အစာပျော့ပျော့ကျွေးရမည်။ ကော်ဖီ၊ လက်ဖက်ရည်၊ ချောကလက် စသော အညိုရောင်ပါသည့် အစားအသောက်များကို ရှောင်ကြဉ်ရမည်။ အဘယ်ကြောင့်ဆိုသော် သွေးလွန်တုပ်ကွေးရောဂါ ပြင်းထန်လာပါက ကော်ဖီရောင် အန်တတ်ခြင်းကြောင့် ဖြစ်သည်။

## ခြင်ကိုစားသော ဒေါင်းငါး

မြန်မာအခေါ်အဝေါ် ဒေါင်းငါး၊ အင်္ဂလိပ်ဘာသာဖြင့် သိပ္ပံအမည်မှာ Poecila reticulate ဖြစ်ပြီး မူရင်းဒေသမှာ ဘရာဇီး၊ ဗင်နီဇွဲလား၊ နယ်သာလန်နှင့် ဂျမေကာတို့ဖြစ်သည်။ အဆိုပါ ဒေါင်းငါးများသည် ခြင်သားလောင်း (ပိုးလောက်လမ်း)များကို စားသုံးသည့် အလေ့အထရှိခြင်းကြောင့် ခြင်များကို အလိုအလျောက် နှိမ်နင်းပြီးသားဖြစ်သွားကာ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် ဆင်ခြေထောက်ရောဂါများမှ ကြိုတင်ကာကွယ်နိုင်သည်။ အဆိုပါ ရည်ရွယ်ချက်ဖြင့် ခြင်ကြောင့်ဖြစ်သော ရောဂါများမှ ကာကွယ်ရန်အလို့ငှာ ဒေါင်းငါးများကို အရပ်ရပ်သို့ သယ်ယူကြရာမှ ဒေါင်းငါးများလည်း ကမ္ဘာအနှံ့အပြားသို့ ရောက်ရှိပျံ့နှံ့သွားခြင်းဖြစ်သည်။

မြန်မာနိုင်ငံသို့လည်း ကိုလိုနီခေတ်ကပင် ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် အင်္ဂလိပ်တို့က သယ်ဆောင်လာရာမှတစ်ဆင့် ဒေါင်းငါးများ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းမျိုးစိတ်တွင် ငါးအထီး၏အမြီးသည် ဒေါင်းမြီးသဖွယ် အရောင်စုံ၍ လှပသည့်အတွက် ဒေါင်းငါးဟူ၍ မြန်မာအမည်ပေးခြင်း ဖြစ်ပေသည်။ ၎င်းအလှမွေးငါးများသည် ရေချိုငါးမျိုးစိတ် ဖြစ်သော်လည်း ဆားငန်နှုန်းကို အတော်အတန်ခံနိုင်ရည်ရှိ၍ ရေငန်အတက်အကျရှိသော မြစ်ဝကျွန်းပေါ်ဒေသများ၌လည်း ရှင်သန်နိုင်သည်။

ဒေါင်းငါးများတွင် အထီးသည် တစ်လခွဲ (ခြောက်ပတ်)သား၌ အရွယ်ရောက်ပြီး အမသည် ၁၂ ပတ်သား၌ အရွယ်ရောက်ကာ သားပေါက်နိုင်သည်။ ဒေါင်းငါးသည် ဥဥလေ့မရှိဘဲ အကောင်လိုက်မွေးသော ငါးမျိုးဖြစ်သည်။ ဒေါင်းငါးအမသည် သန္ဓေဆောင်ကာလ ၂၂ ရက် မှ ၂၆ ရက်ရှိပြီး တစ်ကြိမ်လျှင် ပျမ်းမျှ အကောင်ရေ ၃၀ မှ ၆၀ အထိ မွေးလေ့ရှိကာ အများဆုံးကောင်ရေ ၁၀၀ အထိ သားပေါက်နိုင်သည်။ ငါးအမသည် သားပေါက်ပြီး တစ်လခန့်ကြာလျှင် နောက်တစ်ကြိမ် ထပ်မံ၍ သားပေါက်နိုင်သည်။ သက်တမ်းမှာ နှစ်နှစ်ခန့်ရှိသည်။

ဒေါင်းငါးများ၏ အစာစားသည့် အလေ့အထသည် အစုံစားငါးမျိုးဖြစ်ရာ သဘာဝတွင် ရေပိုးမွှားများ၊ ရေပင်ပေါက်လေးများကို စားသည်။ အထူးသဖြင့် ခြင်သားလောင်း၊ ပိုးလောက်လမ်းများကို

စာမျက်နှာ ၇ သို့

**နေ့လယ်နေ့ခင်းတွင်လည်း အင်္ကျီလက်ရှည်၊ ပုဆိုးရှည်ရှည်ဝတ်ဆင်ခြင်း၊ ခြင်ထောင်ဖြင့် အိပ်စက်ခြင်း၊ ရေစီးရေလာကောင်းပြီး ခြင်မပေါက်ပွားစေရန် ရေဆိုးမြောင်းများ ရှင်းလင်းခြင်း၊ လေဝင်လေထွက်ကောင်းပြီး ခြင်မခိုအောင်းနိုင်အောင် အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ခြံတွင်းခြံပြင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ကိုယ့်အားကိုယ်ကိုး ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့အပြင် အစားအစာသန့်ရှင်းခြင်း၊ ရေသန့်ရှင်းခြင်း၊ လက်သန့်ရှင်းခြင်း၊ အိမ်သာ (မိလ္လာ) သန့်ရှင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်း စသည့် သန့်ငါးသန့်နှင့်အညီ မိမိအသိစိတ်ဓာတ်ဖြင့် အိမ်ထောင်စုတစ်စုချင်းစီတိုင်း တာဝန်ယူကြမည်ဆိုပါလျှင် သန့်ရှင်းကျန်းမာသော စံပြရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်မှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ သွေးလွန်တုပ်ကွေးရောဂါ ကျဆင်းလာမည်ဖြစ်**

## လှိုင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

**ရန်ကုန် ဇွန် ၁၄**

လှိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ အပါအဝင်တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။





ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ထွန်းနိုင်က အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမရှိစေရေး အသိပညာပေး

**မော်လမြိုင်ကျွန်း ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်၍ မြို့သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေးအတွက် အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက အမက မင်းကျောင်း ဌာနဆိုင်ရာရုံးများနှင့် မြို့မဈေး၊ အောင်သာယာဈေးတို့၌ ဆောင်ရွက်သည်။



အဆိုပါအသိပညာပေးခြင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဈေးသူ၊ ဈေးသားများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်က အမှိုက်စွန့်ပစ်ခြင်းနှင့်ပတ်သက်၍ ပလတ်စတစ်အမှိုက်၊ အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်ရှိ အမှိုက်အမျိုးအစားများကို ရှင်းလင်းဆွေးနွေးပြီး အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်ရှိစေသော အမှိုက်၊ ပလတ်စတစ်အမှိုက် စသည်တို့ကို ခွဲခြားစွန့်ပစ်နိုင်ရေး၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အများပြည်သူများ မိမိနေအိမ်မှ စတင်၍ မိမိပတ်ဝန်းကျင်၊ ကျောင်းများတွင် အမှိုက်ကို စနစ်တကျခွဲခြားစွန့်ပစ်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်စေရေး ပညာပေးဆွေးနွေးပြီး ပတ်ဝန်းကျင် သန့်ရှင်း သာယာလှပစေရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စွန့်ပစ်အမှိုက်များလေးမျိုး ခွဲခြား၍ အမှိုက်ပုံးများ လေးပုံးထားရှိပြီး အမှိုက်စွန့်ပစ်သည့်စနစ်အား စံပြဆောင်ရွက်နိုင်ရေးအတွက် ပလတ်စတစ်အမှိုက်အတွက် အပြာရောင်ပုံး၊ အမှိုက်စိုအတွက် အစိမ်းရောင်ပုံး၊ အမှိုက်ခြောက်အတွက် အဝါရောင်ပုံးနှင့် ဘေးအန္တရာယ် အမှိုက်အတွက် အနီရောင်ပုံးများဖြင့် စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ် ဂုံမင်းမြောင်အရှေ့စုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**သာယာဝတီ ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုံမင်းမြောင်ကျေးရွာအုပ်စု ဂုံမင်းမြောင်အရှေ့စုကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် သာယာဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့် ဝန်ထမ်းများသည် ဂုံမင်းမြောင်အရှေ့စုကျေးရွာ၌ အရှည် ၁၆၉ ပေ၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် စနစ်တကျထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဂုံမင်းမြောင်အရှေ့စုကျေးရွာ၌ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို မြစိမ်းရောင်စီမံကိန်းအတိုးရ ငွေကျပ် ၆၆ သိန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ ကျေးရွာသားများက ၂၀၂၅ မေလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါ ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာပြီး လူနေမှုအဆင့်အတန်းလည်း ယခင်ကထက် ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**မောင်နိုင်**



*စာမျက်နှာ ၆ မှ*

အဓိကထား စားကြသောကြောင့် ခြင်နှိမ်နင်းရေး ငါးမျိုးအဖြစ် ကျော်ကြားသည်။ ခြင်များဥချသော ခြင်ဥများမှတစ်ဆင့် ပိုးလောက်လမ်းများဖြစ်နေသော ရေပြင်ထဲသို့ ဒေါင်းငါးမျိုးများကို တစ်ကြိမ်ထည့်ပေးထားရုံဖြင့် ၎င်းငါးလေးများက ခြင်နှိမ်နင်းရေးကို သားစဉ်မြေးဆက်အလိုက် စဉ်ဆက်မပြတ် ပြုလုပ်ပေးသွားကြမည်ဖြစ်သည်။ ဤနည်းလမ်းသည် သက်ရှိကို သက်ရှိဖြင့် ပြန်လည်ထိန်းချုပ်သည့် ဇီဝနည်း (Biological Control) ဖြစ်သည်။

စမ်းသပ်ချက်များအရ တစ်လက်မခွဲအရွယ် ဒေါင်းငါးအထီး တစ်ကောင်သည် တစ်ရက်လျှင် လောက်လမ်းကောင်ရေ ၃၀ ခန့် စားနိုင်ပြီး နှစ်လက်မခွဲအရွယ် ဒေါင်းငါးအမတစ်ကောင်လျှင် လောက်လမ်းကောင်ရေ ၆၀ ခန့်ကို စားသည်။ ထို့ကြောင့် မိမိတို့ရပ်ရွာရှိ နေအိမ်များနှင့် စာသင်ခန်း၊ စာသင်ကျောင်းများ အနီးတစ်ဝိုက်ရှိ သောက်သုံးရေကန်များ၊ ရေနုတ်မြောင်းများ၊ ရေသိုလှောင်ရာ တိုင်ကီ၊ အိုးခွက်များ၊ အုတ်ကန်ကြီးများအတွင်း ဒေါင်းငါးလေးများကို ထည့်သွင်းထားသင့်သည်။ ဒေါင်းငါးလေးများကို နီးစပ်ရာအလှမွေးငါးအရောင်းဆိုင်များ၊ အလှမွေးငါးသားဖောက် ရောင်းချသူများ၊ မြန်မာနိုင်ငံ ငါးအလှမွေးမြူသူများအသင်းနှင့် အလှမွေးငါးများ လက်ကားရောင်းချသည့်ဆိုင်များတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် ရေကန်များအတွင်း ဒေါင်းငါးမျိုး ထည့်သွင်းမွေးမြူခြင်းဖြင့် ခြင်အန္တရာယ်ကာကွယ်သည့် လုပ်ငန်းစဉ်တွင် Mosquito Control အနေဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အကြံပြုတိုက်တွန်းလိုပါသည်။

### ကြိုတင်ကာကွယ်ရန် နည်းလမ်းကောင်းများ

ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံ အဆင့်ဆင့်ဖြစ်သည့် (ဥ - ပိုးလောက်လမ်း- ပိုးရုပ်ဖုံး-သက်ကြီးကောင်) ဖြစ်စဉ်မှာ ပျမ်းမျှ ရှစ်ရက်မှ ၁၀ ရက်ခန့်အထိ ကြာမြင့်သည်။ ထို့ကြောင့် မိမိအိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တို့တွင် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် ခြင်ကျားလောက်လမ်းရှာဖွေပြီး လောက်လမ်းပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းကို တိုက်ချွတ်စသည်ဖြင့် ဆောင်ရွက်ရန် လိုအပ်သည်။

သွေးလွန်တုပ်ကွေးရောဂါကို ပျောက်ကင်းအောင်ကုသနိုင်သောဆေးဝါးယနေ့အထိ မပေါ်သေးပါ။ ရောဂါဖြစ်လာမှ ကုသခြင်းထက်၊ မဖြစ်အောင် ကြိုတင်ကာကွယ်ထားတတ်ရန် လိုသည်။ ထို့ကြောင့် "ကာကွယ်ခြင်းက ကုသခြင်းထက် ပိုမိုထိရောက်၏ - Precaution is better than Cure" ဟု ဆိုကြခြင်းဖြစ်သည်။ အရေးကြီးဆုံးမှာ ခြင်ကိုက်မခံရစေရန်ဖြစ်ပါသည်။ နေ့လယ်နေ့ခင်းတွင်လည်း အင်္ကျီလက်ရှည်၊ ပုဆိုးရှည်ရှည် ဝတ်ဆင်ခြင်း၊ ခြင်ထောင်ဖြင့် အိပ်စက်ခြင်း၊ ရေစီးရေလာကောင်းပြီး ခြင်မပေါက်ပွားစေရန် ရေဆိုးမြောင်းများ ရှင်းလင်းခြင်း၊ လေဝင်လေထွက်ကောင်းပြီး ခြင်မခိုအောင်းနိုင်အောင် အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ခြံတွင်းခြံပြင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ကိုယ့်အားကိုယ်ကိုး ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့အပြင် အစားအစာသန့်ရှင်းခြင်း၊ ရေသန့်ရှင်းခြင်း၊ လက်သန့်ရှင်းခြင်း၊ အိမ်သာ (မိလ္လာ) သန့်ရှင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်း စသည့် သန့် ငါးသန့်နှင့်အညီ မိမိအသိစိတ်ဓာတ်ဖြင့် အိမ်ထောင်စုတစ်စုချင်းစီတိုင်း တာဝန်ယူကြမည်ဆိုပါလျှင် သန့်ရှင်းကျန်းမာသော စံပြရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်မှသည် တစ်နိုင်ငံလုံး အတိုင်းအတာအထိ သွေးလွန်တုပ်ကွေးရောဂါ ကျဆင်းလာမည်ဖြစ်သည်။

ကူးစက်ရောဂါဆိုင်ရာ (Epidemiology) အရ သွေးလွန်တုပ်ကွေးရောဂါသည် လေးနှစ်လျှင် တစ်ကြိမ် အပြင်းအထန် (Out-break) ဖြစ်ပွားတတ်သည်။ ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် သွေးလွန်တုပ်ကွေးရောဂါ အပြင်းအထန် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထို့ပြင် သွေးလွန်တုပ်ကွေးသည် ရာသီတစ်ခုတည်းတွင်ပင် နှစ်ခါပြန် ဖြစ်နိုင်သည့်အတွက် ပထမတစ်ကြိမ် ဖြစ်ပြီးသွားပြီဆိုကာ မပေါ့ဆကြရန်နှင့် ပထမတစ်ကြိမ် သွေးလွန်တုပ်ကွေး ဖြစ်ဖူးသူသည် နောက်တစ်ကြိမ်ထပ်ဖြစ်လျှင် ပိုဆိုးတတ်ကြောင်း ကျန်းမာရေးသုတေသီများက သတိပေးထားသည်။

အချုပ်အားဖြင့်ဆိုသော် မိုးဦးကျ ဇွန်လဆန်းပိုင်းကစပြီး အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ပါသည်။ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုများက လွန်စွာအရေးပါသည့်အလျောက် အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်အတူ မိဘပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား ကျောင်းသူ ကလေးငယ်များအား ကူးစက်ရောဂါများမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါကြောင်း အကြံပြုလိုပါသည်။

ယနေ့ မြန်မာနိုင်ငံရာသီဥတုသည် စွတ်စိုသော မိုးရာသီသို့ရောက်ရှိလာပြီဖြစ်ရာ မိုးရာသီကာလတွင် ဖြစ်လေ့ရှိသော သွေးလွန်တုပ်ကွေး၊ ရာသီတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ အရေပြားရောဂါ စသည့် ကူးစက်တတ်သော ရောဂါအမျိုးမျိုးတို့အပြင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးများကိုလည်း အစဉ်သတိရှိကြစေလိုပါသည်။ မိုးရာသီကာလ ဖြစ်လေ့ဖြစ်ထရှိသော ရောဂါများသည် အထိုက်အလျောက် ကြိုတင်ကာကွယ်နိုင်သည့် ရောဂါများဖြစ်ကြရာ မိမိနှင့် မိသားစု တစ်စုချင်းစီအလိုက် ရောဂါမဖြစ်အောင် ကျန်းမာရေးနှင့်လျော်ညီစွာ ပြုမူနေထိုင်ကြခြင်းဖြင့် ကြိုတင်ကာကွယ်စေလိုကြောင်း ထပ်လောင်း အသိပေးလိုက်ရပါသည်။ ။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲ ဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ၂၀၂၅ ခုနှစ် တတိယအကြိမ်မြောက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၄

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ၂၀၂၅ ခုနှစ် တတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဒေသအတွင်း၌ ကျင်းပသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ တိုင်း/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သစ်ပင်သစ်တောများ ရှင်သန်ဖွံ့ဖြိုးအောင် စိုက်ပျိုးပြုစုပျိုးထောင်ကြခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပရေးကို ဖန်တီးပေးကြရန်၊ တိုင်းဒေသကြီးတစ်ခုလုံး သစ်ပင်ပျိုးပင်များကို ပြုစုပျိုးထောင်စိုက်ပျိုးကြရန်၊ သစ်ပင်များ စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုကို ထိန်းသိမ်းရန်ဖြစ်ပြီး သဘာဝက ပေးထားသော စိမ်းလန်းစိုပြည်မှုများကို လူများကြောင့် ထိခိုက်မှုလျော့နည်းအောင် လူများကပင် ပြန်လည်ထိန်းသိမ်း ဖန်တီးပေးရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် ဌာနမှူးများ၊တိုင်း/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စုပေါင်း သစ်ပင်စိုက်ပျိုးကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကျွန်းပင် ၉၀၀၀၊ ပျဉ်းကတိုးပင် ၄၃၀၀၊ မဟော်ဂနီပင် ၅၀၀၀၊ သရက်ပင်၂၅၀၊ ပိန္နဲပင် ၂၅၀၊ ဒူးရင်းပင် ၂၀၀ စုစုပေါင်း အပင် ၁၉၀၀၀ တို့ကို စိုက်ပျိုးနေမှုများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စွန့်ပစ်အမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် စက္ကူအပိုင်းအစ၊ စက္ကူအိတ်နှင့် ကတ်ထူများကဲ့သို့သော အမှိုက်ခြောက်၊ စားကြွင်းစားကျန်များကဲ့သို့သော အမှိုက်စို၊ ဖန်၊ သံဘူးနှင့် သတ္တုဘူးများကဲ့သို့သော အန္တရာယ်ရှိသော အမှိုက်၊ ပလတ်စတစ် ဘူး/ခွက်/အိတ်များကဲ့သို့သော ပလတ်စတစ်အမှိုက်များကို ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးပြောကြားပြီး စနစ်တကျစွန့်ပစ်နိုင်ရေး ပြသထားသည့်အမှိုက်ပုံးများကို တက်ရောက်လာသူများက လေ့လာနေမှုများအား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆)ခရိုင် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**ပဲခူး ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆)ခရိုင် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ညနေပိုင်းက ပဲခူးမြို့ ဥသ္သာမြို့သစ်ရှိ တိုင်းဒေသကြီး အားကစားဥယျာဉ် ဘက်စုံအားကစားကွင်း၌ ကျင်းပသည်။



**နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိ**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ပဲခူးခရိုင် အသင်းနှင့် သာယာဝတီခရိုင်အသင်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ သာယာဝတီခရိုင်အသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းဆု၊ အကောင်းဆုံး အလယ်တန်းဆု၊ အကောင်းဆုံး ရှေ့တန်းဆုနှင့် အကောင်းဆုံးဘောလုံးသမားဆု ရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်တစ်သိန်းစီကို တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဥပဒေချုပ်နှင့် ဝန်ကြီးများက ပေးအပ်ချီးမြှင့်ကြပြီး တတိယဆုရရှိသည့် ပြည်ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆု ကျပ်ခုနစ်သိန်းကို သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဆုရရှိသောပဲခူးခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆု ကျပ် ၁၀ သိန်းအား စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက လည်းကောင်း၊ ပထမဆုရရှိသော သာယာဝတီခရိုင် အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပထမဆုရရှိသော သာယာဝတီခရိုင်အသင်းအား ပထမဆုဖလားနှင့် ငွေသားဆုကျပ် ၁၅ သိန်းအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆) ခရိုင် အသက်(၁၈) နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲအား ဇွန် ၂ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ပြည်၊ သာယာဝတီ၊ နတ်တလင်းစသည့် ခရိုင်ခြောက်ခုမှ ကိုယ်စားပြုပြိုင်ပွဲဝင် အသင်းခြောက်သင်းပါဝင်ကာ အုပ်စု(က) နှင့် အုပ်စု(ခ)ဟူ၍ ခွဲခြားထားရှိပြီး အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သဲကုန်းမြို့၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း ဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုအားပေး

**သဲကုန်း ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး သင်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး(ပြည်) ဦးဇော်ဝင်းထွန်း၊ သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်ပညာရေးမှူး ဒေါ်မသန်းစိန်နှင့် အထကကျောင်းအုပ်ကြီး ဦးကျော်မြင့်အောင်တို့က ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအား စာအုပ်၊ ဘောပင်နှင့် သင်ထောက်ကူ ပစ္စည်းများ၊ School Garden စိုက်ပျိုးရန် လိုအပ်သော ပစ္စည်းများနှင့် စိုက်ပျိုးမည့်မျိုးစေ့များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်လေးပင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် ဇွန် ၁၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်လေးပင်မြို့နယ် ဦးစီးမှူးရုံးက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအတွင်း နိုင်ငံသားစိစစ်ရေးကတ်များနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ မပြုလုပ်ရသေးသော မိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအားခေါ်ယူ၍ ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် ယနေ့နံနက်ပိုင်းမှ စတင်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်လေးပင်မြို့နယ် ပွင့်တန်ဆာမြို့မြို့မ(၁) ရပ်ကွက်တွင် လဝကမှူး ဒေါ်ခင်လေးမူ ဦးဆောင်ကာ ကွင်းဆင်းအဖွဲ့ လေးဖွဲ့ဖြင့် ပွင့်တန်ဆာမြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအတွင်း မိဘပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်များနှင့် Biometric ကောက်ယူခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

**စွမ်းထက်(ညောင်လေးပင်)**

# ၂၀၂၅ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၃)နှစ်အောက် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မုံရွာ ဇွန် ၁၄**

**၂၀၂၅ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၂၃)နှစ်အောက် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး အဖွင့်ပွဲစဉ်အဖြစ် ရေဦးမြို့နယ်အမျိုးသားအသင်းနှင့် ကျွန်းလှမြို့နယ် အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ရေဦးမြို့နယ်အသင်းမှ ကျွန်းလှမြို့နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါပြည်သူ့အားကစားကွင်း၌ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ အားကစားသမားများနှင့် နည်းပြများထံ လေ့ကျင့်ရေး အားကစားဝတ်စုံများနှင့် ခဲတံဆားထုပ်များ ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ နှမ်းနှင့် နေကြာပန်းတိုင်အထွက်နှုန်း ရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် စိုက်ပျိုးလျက်ရှိသည့် ဆီထွက်သီးနှံ နှမ်းနှင့် နေကြာပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မိမိတို့ဌာနများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က မိမိတို့ခရိုင်အတွင်းရှိ မြို့နယ်များတွင် စိုက်ပျိုးထားသည့် ဆီထွက်သီးနှံ နှမ်းနှင့် နေကြာပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများက တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ နှမ်းနှင့်နေကြာပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် ဇွန် ၁၄**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ် လှိုင်ရပ်ကွက် ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက ချိန္တယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပရိယတ္တိဓမ္မဗိမာန်တော်ကြီး အတွင်းအပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



**ဂုဏ်ပြုချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ရုံးခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ လုပ်သက်နှစ် (၃၀)ပြည့် တပ်ဖွဲ့ဝင်နှစ်ဦးအား ဂုဏ်ထူးဆောင်တံဆိပ်များနှင့် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီသို့ ဂုဏ်ပြုငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး သွေးလှူဘဏ်၌ သွေးလှူဒါန်းမည့်သူများကို ကျန်းမာရေးဝန်ထမ်းများက ကိုယ်အလေးချိန်နှင့် သွေးပေါင်ချိန် တိုင်းတာခြင်း၊ သွေးအမျိုးအစား ခွဲခြားခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးနေမှုနှင့် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ၊ မော်လမြိုင်တက္ကသိုလ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေး၍အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ရာမညခန်းမ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မိသားစုဝင်များအား ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက (Pfizer) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးပြီး ကျန်းမာရေး ဝန်ထမ်းများအား လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဈေးကားများဖြင့် ၇၅ ရက်မြောက် လှည့်လည်ရောင်းချပေး

**နေပြည်တော် ဇွန် ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့တွင် ၇၅ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးခဲ့သည်။

နေပြည်တော်အတွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ (မနောသုခ- Export Quality) ခုနစ်အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) သုံးအိတ်၊ စားအုန်းဆီပိဿာ ၂၂၀၊ ဆား ၃ ပိဿာ ၂၅ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၁၂ ထုပ်၊ ငါးပိ တစ်ပိဿာ ၄၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ရှစ်ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ငါးထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ခြောက်ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားပါ ငါးထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥ အလုံး ၁၀၀၊ ဘဲဥ ၂၅ လုံး၊ ခေါက်ဆွဲခြောက် ခြောက်ထုပ်တို့ကို ရောင်းချပေးခဲ့သည်။

စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) သုံးအိတ်၊ စားအုန်းဆီပိဿာ ၁၀၀၊ ဆား လေးပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ ၂ ပိဿာ၊ ငါးနီတူခြောက် တစ်ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥ ၇၅ လုံး၊ ဘဲဥအလုံး ၂၀၊ ကြက်သွန်နီ ၈ ပိဿာနှင့် အသားတု နှစ်ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၆ အိတ်၊ စားအုန်းဆီပိဿာ ၂၂၀၀၊ ဆား ၃ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ရှစ်ထုပ်၊ ငါးပိ ၁ ပိဿာ ၇၅ ကျပ်သား၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၁၀ ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သား ရှစ်ထုပ်၊ ကြက်ဥ ၁၁၈၅ လုံး၊ ဘဲဥ ၆၀၈ လုံး နှင့် ခေါက်ဆွဲခြောက်ထုပ် ၅၀ တို့ကို သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့သည်။

**သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန် ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပသည်။



အဆိုပါ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထွဋ်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်စံထွန်းနှင့် ဦးစီးအရာရှိ ဒေါ်ယုမာလာဌေးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲလေး(ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၄

**မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ သကျဓီတာသီလရှင်စာသင်တိုက်၊ သမ္ဗုဏ္ဏာရာမကျောင်းတိုက်နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းဆောင်များကို လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငလျင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအတွက် တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ရေဝတီမြစ်ရေကို သန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများ ပေးဝေနိုင်ရေးနှင့် ပြည်သူများ သောက်သုံးရေ ပြည့်ပြည့်ဝဝ ဖြန့်ဝေနိုင်ရေးတို့ကို ကြပ်မတ်ဆောင်ရွက်ပေးကာ ဖယ်ရှားရှင်းလင်းပြီးသော သာသနိကအဆောက်အအုံများနှင့် ကျောင်းဆောင်အဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်အားပေးဆောင်ရွက်နေသူများအား အချိုရည်များ ပေးအပ်သည်။



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ရှိ အထက(ခွဲ)ဆွမ်းချက်၌ ကြည့်ရှုစစ်ဆေးစဉ်။**

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် နှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းကမန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း နေရာများသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပမည့် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ အခြေခံပညာ အထက်တန်းကျောင်းများသို့သွားရောက်ပြီး ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲစာဖြေဌာနများ၌ စာမေးပွဲဖြေဆိုရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စာမေးပွဲကြီးကြပ်ရေးရုံးများတွင် မေးခွန်း/ အဖြေလွှာစသည့် စာရွက်စာတမ်းများအတွက် စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှု စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိရေး၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်စေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအကူအညီများ စီစဉ်ဆောင်ရွက်ထားရှိပေးနိုင်ရေး၊ စာမေးပွဲဖြေဆိုစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အချိန်မီသွားလာနိုင်ရန် တာဝန်ရှိသူများက တတ်နိုင်သည့် နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးသွားရေးတို့ကိုမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အမရပူရမြို့နယ်ရှိ မဟာရတနာမဇ္ဇူတိ လောကမာရ်အောင် အောင်မြေရွှေဘုံမြတ်စွာဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံအပျက်အစီးများနှင့် ဘုရားစေတီအပျက်အစီးများကို တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများ၊ စက်ယန္တရားကြီးများ အသုံးပြု၍ အပျက်အစီးများ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများ၊ ပြန်လည်တူးဖော်ရရှိသော ဌာပနာပစ္စည်းများ စနစ်တကျထိန်းသိမ်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာန၌ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ မိုးလေဝသ**
**(၁၅-၆-၂၀၂၅)**

**နေပြည်တော်**
နေရာကွက်ကျား
မိုးထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**
မိုး တစ်ကြိမ်၊ နှစ်ကြိမ်
ထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**
နေရာကွက်ကျား
မိုးထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့

**နေပြည်တော် ဇွန် ၁၄**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






## ရေဝတီတိုင်းဒေသကြီးအတွင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)သို့ တက်ရောက်မည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် ဇွန် ၁၄**

ရေဝတီတိုင်းဒေသကြီးအတွင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) သို့ တက်ရောက်မည့် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်တပ်နယ်အားကစားခန်းမ၌ပြုလုပ်ရာ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တွံတေးမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသား စိစစ်ရေးကတ်၊ UID၊ အိမ်ထောင်စုလူဦးရေစာရင်း နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်

**တွံတေး ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဈေးသစ်ရပ်ကွက်ရှိပြည်သူများအား ရပ်ကွက်ရှိ အ.မ.က(မူလွန်)ကျောင်းတွင် အခြေပြု၍ မြို့နယ် ဦးစီးမှူးဦးဆောင်ကာ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသား စိစစ်ရေးကတ်၊ UID၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက် ၉ နာရီက ဈေးသစ်ရပ်ကွက် အ.မ.က(မူလွန်)ကျောင်း၌ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တွံတေးမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်အေးသီတာပါ ၁၇ ဦးက ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် နိုင်ငံသား စိစစ်ရေးကတ်မရှိသူများ၊ အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ဂဏန်း ၁၀ လုံးပါဝင်သည့် UID ကတ်များ ပြုလုပ်ပေးနိုင်ရေး ဇီဝဆိုင်ရာအချက်အလက်စိစစ်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းများကို နေ့ချင်းပြီးဆောင်ရွက်ပေးရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးဦးမောင်မောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်**



## အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၁၄**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ်နှင့် ဗထူးတပ်မြို့တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၂၀ မြို့နယ်တို့၌ လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများအတွင်း/ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ ***ကျောဖုံးမှ***

မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်သော်လည်း လာအိုအသင်းကို ခြောက်ဂိုးပြတ်၊ တီမောအသင်းကို ခုနစ်ဂိုးပြတ်ဖြင့် အနိုင်ရကာ အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပြီးခဲ့သည့် အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ သုံးကြိမ်တွင် ဗိုလ်လုပွဲသို့ တစ်ကြိမ်မျှ တက်ရောက်ဖူးခြင်း မရှိသေးသည့်အပြင် ထိုင်းအသင်းနှင့် တွေ့ဆုံသည့် သုံးကြိမ်စလုံး အရေးနိမ့်ထားသဖြင့် ယခုတွေ့ဆုံမှုတွင် အစဉ်အလာဆိုး ချေဖျက်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-MFF**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတက်ရောက်စိုက်ပျိုး



**မန္တလေး ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စွယ်တော်မြတ်စေတီတော်ဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ တက္ကသိုလ်များမှပါမောက္ခချုပ်များ၊ တိုင်း/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ NGO အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တိုင်း/ ခရိုင်/ မြို့နယ်ဝန်ထမ်းများ စုစုပေါင်း ၁၂၀၀ ဖြင့် မဟော်ဂနီ၊ ပိတောက်၊ သပြေဘူတ(အပြာ)၊ ငုရွှေဝါ၊ ကံ့ကော်၊ စိန်ပန်းနီ၊ ခရေ၊ စိန်ပန်းပြာ၊ မယ်ဇယ်၊ သဘော်တည်၊ ယင်းမာ၊ တမာ၊ သပြေဘူတ၊ လင်းလွန်း၊ ပျဉ်းကတိုး စသည့် သစ်မျိုး ၁၅ မျိုး စုစုပေါင်းအပင် ၁၂၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**

# မက်မန်းမြို့ပေါ်ရှိ ကုန်စုံဆိုင်များနှင့် ဆေးဆိုင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မက်မန်း ဇွန် ၁၄**

ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့ပေါ်ရှိ ကုန်စုံဆိုင်များနှင့် ဆေးဆိုင်များတွင် သက်တမ်းလွန်ကုန်ပစ္စည်းများ ရောင်းချနေမှု ရှိ/မရှိ၊ သက်တမ်းလွန်ဆေးဝါးများ ရောင်းချနေမှု ရှိ/မရှိ၊ သတ်မှတ်စည်းကမ်းချက်နှင့်အညီ ရောင်းချမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတိုးသူရအောင်နှင့် ဝန်ထမ်းများ ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက စားသောက်ကုန်ပစ္စည်းများနှင့် ဆေးဝါးများကို ဝယ်ယူသုံးစွဲကြသော မိဘပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်စေရေးအတွက် မက်မန်းမြို့ပေါ်ရှိ ကုန်စုံဆိုင် ၁၅ ဆိုင်နှင့် ဆေးဆိုင်နှစ်ဆိုင်တို့တွင် စားသောက်ကုန်များနှင့် ဆေးဝါးများ၌ အညွှန်းများတပ်ဆင်မှုရှိ/မရှိ၊ သက်တမ်းလွန် စားသောက်ကုန်များနှင့် ဆေးဝါးများရောင်းချမှု ရှိ/မရှိ စစ်ဆေးခဲ့ပြီး စစ်ဆေးရာတွင် တွေ့ရှိခဲ့သည့် သက်တမ်းလွန်စားသောက်ကုန်များနှင့် ဆေးဝါးများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနတွင် မီးရှို့ဖျက်ဆီးခဲ့သည်။

ဆက်လက်၍ မက်မန်းမြို့ပေါ်ရပ်ကွက်အတွင်း လူနေအိမ်များ ရှိမိုးရေတင်ကျန်နေသော တာယာဟောင်းများ၊ ရေအိုး၊ ရေခွက်များ၊ ရေတိုင်ကီ၊ ဘုရားပန်းအိုးနှင့် သောက်သုံးရေကန်များကို ခြင်များ မခိုအောင်းနိုင်စေရန် ဖုံး၊ သွန်၊ လဲ၊ စစ်ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အေဇက်ထွန်း(ပြန်/ဆက်)**

# ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးအသင်း လေ့ကျင့်

**ရန်ကုန် ဇွန် ၁၄**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုလကုန်ပိုင်းတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း အဓိကနိုင်ငံတကာပြိုင်ပွဲ သုံးခုယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမဆုံးပြိုင်ပွဲအဖြစ် ဇွန် ၂၉ ရက်မှ ဇူလိုင် ၅ ရက်အထိ ကျင်းပမည့် ၂၀၂၆ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်း ပါဝင်နေသည့် အုပ်စု (C) ပွဲစဉ်များကို ရန်ကုန်မြို့ရှိသုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့်အတူ ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်နှင့် တာ့ခ်မင်နစ္စတန်အသင်းတို့ပါဝင်နေသည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲအပြီးတွင် ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၊ ဒီဇင်ဘာတွင် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ဂျပန်နိုင်ငံသား ယုကီတက်ဆုရိုက နည်းပြချုပ်အဖြစ် ဆက်လက်ကိုင်တွယ်နေပြီး ပဏာမကစားသမား ၃၀ ကျော်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မလေးရှားကလပ်ဆာဘားအသင်းတွင် သွားရောက်ကစားနေသည့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းနှင့် အမေရိကန်နိုင်ငံတွင် ပညာသင်ကြားရင်း ကောလိပ်အသင်း၌ ကစားနေသည့် တိုက်စစ်ကစားသမား မေထက်လူတို့မှာ ပြီးခဲ့သည့်ရက်ပိုင်းက အသင်းနှင့် စတင်ပူးပေါင်းခဲ့ပြီး အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၉ အသင်းမှ ကစားသမားအချို့မှာမူ ဇွန် ၁၉ ရက်နောက်ပိုင်းမှသာ ပူးပေါင်းနိုင်မည်ဖြစ်သည်။

**သော်လေး**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစား ခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့၌ ကျင်းပ

**ရန်ကုန် ဇွန် ၁၄**

FIFA–MFF ယူ–၁၅ လူငယ်လိဂ်ဘောလုံးပြိုင်ပွဲ ရန်ကုန်ဇုန် ပွဲစဉ် (၁၁)၊ မန္တလေးဇုန်နှင့် တောင်ကြီးဇုန် ပွဲစဉ် (၈) ပထမနေ့ကို ဇွန် ၁၄ ရက်က ဆက်လက်ကျင်းပရာ ဇုန်သုံးခုတွင် ဦးဆောင်လျက်ရှိသည့် ရန်ကုန်ဇုန်မှ ရွှိုင်ရယ်ရန်ကုန်အသင်း၊ မန္တလေးဇုန်မှ STNM အသင်း၊ တောင်ကြီးဇုန်မှ ရှမ်းတောင်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိကာ ဆက်လက်ဦးဆောင်လျက်ရှိသည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်းများ၌ကျင်းပသည့် ရန်ကုန်ဇုန် ပွဲစဉ် (၁၁) ပထမနေ့တွင် ရွှေပြည်သာယူနိုက်တက်အသင်းက မြသီတာအသင်းကို သုံးဂိုး–တစ်ဂိုး၊ ရွှိုင်ရယ်ရန်ကုန်အသင်းက Yangon Focus အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ရန်ကုန်တောင်ဇလပ်အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို လေးဂိုး–သုံးဂိုး၊ အာသာဝတီအသင်းက Golden Light United အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) လေ့ကျင့်ရေးကွင်း၌ကျင်းပသည့် မန္တလေးဇုန် ပွဲစဉ် (၈) ပထမနေ့တွင် STNM အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ၁၀ ဂိုး–ဂိုးမရှိ၊ Youth Soccer Future အသင်းက အနီးစခန်းအသင်းကို နှစ်ဂိုး–တစ်ဂိုး၊ တောင်ကြီးမြို့ ပြည်နယ်ကွင်း၌ကျင်းပသည့် တောင်ကြီးဇုန် ပွဲစဉ် (၈) ပထမနေ့တွင် အင်းလေးလူငယ်အသင်းက ရှမ်းအရှေ့ (TCL အကယ်ဒမီ) အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ ရှမ်းတောင်အသင်းက Middle Shan State အသင်းကို ရှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

**မောင်ညီ၊ဓာတ်ပုံ–MFF**



Youth Soccer Future အသင်းနှင့် အနီးစခန်းအသင်း ယှဉ်ပြိုင်စဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇွန် ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Thu” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၂) ရပ်ကွက်နေ ကျော်သူဌေး အား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရီးရဲမက်ဒရစ်က ရေးဗားပလိတ်မှ အာဂျင်တီးနားလူငယ်ကစားသမား မာစတန်ယူနိုအိုကို ခေါ်ယူ



ရီးရဲမက်ဒရစ်အသင်းသည် ရေးဗားပလိတ်အသင်းမှ အာဂျင်တီးနားလူငယ်ကစားသမားဖရန်ကို မာစတန်ယူနိုအိုကို စာချုပ်ခေါ်ယူလိုက်ပြီဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် အသက် ၁၇ နှစ်အရွယ် အဆိုပါကစားသမားကို ခေါ်ယူရာတွင် စာချုပ်ဖျက်သိမ်းကြေး ပေါင် ၃၈ ဒသမ ၅ သန်းပေးချေကာ အသင်းသို့ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ကွင်းလယ်တိုက်စစ်ကစားသမား မာစတန်ယူနိုအိုသည် ပြီးခဲ့သည့် နှစ်ရာသီတွင် ရေးဗားပလိတ်အသင်း၌ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိထားသူဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့် သီတင်းပတ်က အာဂျင်တီးနားက ချီလီကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့သောကြောင့် အာဂျင်တီးနားအသင်း၏ အသက်အငယ်အဆုံး ပွဲဦးထွက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းနှင့် ခြောက်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ပြီး လာမည့် ဩဂုတ် ၁၄ ရက်တွင် အသင်းနှင့်ပူးပေါင်းသွားဖွယ်ရှိကြောင်း သိရသည်။ ဩဂုတ် ၁၄ ရက်မှာ ၎င်း၏ ၁၈ နှစ်မြောက် မွေးနေ့လည်းဖြစ်သည်။ ၎င်းသည် လီဗာပူးအသင်းမှ အလက်ဇန်းဒါးအာနိုး၊ ဘုန်းမောက်အသင်းမှ ဟူဂျီဆန်တို့ပြီးနောက် ယခုနှစ် နွေရာသီ ရီးရဲမက်ဒရစ်အသင်းခေါ်ယူသည့် တတိယမြောက်ကစားသမားဖြစ်လာခဲ့သည်။

**အောင်ဇော်**

◆ *ကျောဖုံးမှ*

သစ်ပုပ်မျော ၄၅ လုံးနှင့် လက်တွန်း ထွန်စက်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၇၂၇၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟန်မြင့်မိုရ်–ရွာငံလမ်း၊ ဆင်ခေါင်းတောင်အနီး၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၂၄၄၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Hinthar Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၁၂၄၄၂၀၀ကို ဖမ်းဆီး ရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၂ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၃၅၀၀) ကိုလည်းကောင်း၊ ပဲခူးမြို့ရှောင်လမ်း Brother ဆီဆိုင်အနီး၌ မော်လမြိုင် မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၆၈၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀၀) ကိုလည်းကောင်း၊ ညောင်ခါးရှည် X– Ray စစ်ဆေးရေးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၈၇၂၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ရန်ကုန်–မန္တလေးလမ်းဟောင်း၊ အင်းတကော်မြို့ ဆယ်မိုင်ကုန်း ရွှေဆည်သူ စားသောက်ဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၆၁၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၇၉၁၉၄၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Sein Min Thar ရေယာဉ် တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၈၇၀၃၇၂၄၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၈၃၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၈၉၁၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ နောင်နွန်းစစ်ဆေးရေးဂိတ်အနီး မိုင်းဇင်းကျေးရွာ ရှောင်ကွင်းလမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၁ စီးနှင့် လိုင်စင်မဲ့မော်တော် ဆိုင်ကယ် ၆၇ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၃၂)မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၂၈၇၆၃၆ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# အီရန်က အစ္စရေးကို လက်တုံ့ပြန်တိုက်ခိုက်မှုများ ပြုလုပ်

**တီဟီရန် ဇွန် ၁၄**

အီရန်တပ်မတော်သည် အစ္စရေးနိုင်ငံကို ပဲ့ထိန်းဒုံးကျည်များဖြင့် လက်တုံ့ပြန် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် နှစ်နိုင်ငံစလုံးတွင် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အစ္စရေးလေတပ်စခန်းများနှင့် အခြားစစ်ဘက်နေရာများကို အီရန်က ဇွန် ၁၄ ရက်တွင် ပဲ့ထိန်းဒုံးကျည်နှင့် ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ တိုက်ခိုက်မှုများတွင် ပစ်မှတ်ဒါဇင်နှင့်ချီ ထိမှန်ခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပြောကြားသည်။ တဲလ်အဗီးမြို့ပေါ်နှင့် ဆင်ခြေဖုံးများတွင် တိုက်ခိုက်မှုများကြောင့် တစ်ဦးသေဆုံးပြီး ဖ၀ ကျော် ဒဏ်ရာရရှိကြောင်း အစ္စရေးမီဒီယာက ဖော်ပြသည်။

သို့သော် အီရန်သည် ဒုံးကျည် ၁၀၀ အောက်သာ ပစ်လွှတ်ခဲ့ကြောင်း၊ အများစုကို အစ္စရေးတပ်မတော်က ပစ်မှတ်များမရောက်မီ ကြားဖြတ်ပစ်ချဟန့်တားခဲ့ကြောင်း ပြောကြားသည်။ အစ္စရေးသည် ဇွန် ၁၃ ရက်က အီရန်ရှိ နျူကလီးယားစက်ရုံများအပါအဝင် ပစ်မှတ် ၁၀၀ ကျော်ကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ၇၈ ဦး သေဆုံးပြီး ၃၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု သတင်းများကဖော်ပြသည်။ အဆိုပါတိုက်ခိုက်မှုကို အီရန်က လက်တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်သည်။

နျူကလီးယားစက်ရုံအတွင်း ရေဒီယိုသတ္တိများ ရှိနိုင်ကြောင်း အီရန်အစိုးရပိုင် ရုပ်မြင်သံကြားက ဖော်ပြခဲ့သော်လည်း အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီအရာရှိများက စက်ရုံပြင်ပ၌ ရေဒီယိုသတ္တိကြွမှုအဆင့်များ မြင့်တက်မလာကြောင်း ပြောကြားသည်။ သို့သော်လည်း အခြေအနေကို ဆက်လက်စောင့်ကြည့်သွားမည်ဟု သိရသည်။




အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ရာဖေးလ်ဂရိုစီက လူနှင့် ပတ်ဝန်းကျင်ကိုပါ ထိခိုက်နိုင်စေနိုင်သဖြင့် မည်သည့်အခြေအနေတွင်မဆို နျူကလီးယားစက်ရုံများကို တိုက်ခိုက်မှုမပြုလုပ်သင့်ကြောင်း ပြောကြားသည်။

အီရန်ထိပ်တန်းခေါင်းဆောင် အယာတိုလာ အလီခါမေနီက အစ္စရေးကစတင်ခဲ့သည့် တိုက်ခိုက်မှုများကို ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း ပြောကြားလိုက်ပြီး လက်စားချေသွားမည်ဟု တုံ့ပြန်ထားသည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘောဒီးယား- ထိုင်း နှစ်နိုင်ငံနယ်စပ်ပြဿနာများဆိုင်ရာ ဆွေးနွေးပွဲစတင်

**ဖနောင်ပင် ဇွန် ၁၄**

ကမ္ဘောဒီးယား - ထိုင်း ပူးတွဲနယ်နိမိတ်ဆိုင်ရာ ကော်မရှင် (ဂျေဘီစီ) အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ မြို့တော် ဖနောင်ပင်တွင် ဇွန် ၁၄ ရက်က ပြုလုပ်ခဲ့ပြီး မကြာသေးမီက ဖြစ်ပွားခဲ့သော နယ်စပ်ပြဿနာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်ရေးရာဝန်ကြီး လမ်ချီရာနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးဟောင်းနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၏ နယ်စပ်ရေးရာ အကြံပေးဖြစ်သူ ပရာဆတ်ဗင်နစ်ချိုင်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

မေ ၂၈ ရက်က မြတြိဂံဒေသတွင် နှစ်နိုင်ငံတပ်ဖွဲ့များအကြား အပြန်အလှန် ပစ်ခတ်မှုကြောင့် ကမ္ဘောဒီးယား တပ်သားတစ်ဦး သေဆုံးခဲ့ပြီးနောက်ပိုင်း အဆိုပါ ဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ မွန်ဘေ သို့မဟုတ် မြတြိဂံဒေသသည် ကမ္ဘောဒီးယား၊ ထိုင်းနှင့် လာအိုတို့အကြား နယ်နိမိတ်ချင်းထိစပ်နေသော ဒေသဖြစ်သည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်မာနက်က ၎င်း၏လူမှုကွန်ရက်တွင် ဇွန် ၁၃ ရက် ညပိုင်းက နယ်နိမိတ်ဆိုင်ရာ ကော်မရှင်အစည်းအဝေး၌ ၁၂ နှစ်ကြာရပ်ဆိုင်းခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း ပြောသည်။

ထို့ပြင် ဆွေးနွေးပွဲအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် အငြင်းပွားနယ်စပ်ဒေသ လေးခုနှင့် ပတ်သက်ပြီး သည်ဟိဂ်ရှိ အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ဇွန် ၁၅ ရက်တွင် တရားဝင်တင်ပြသွားရန် ထိုင်းနိုင်ငံကို ဖိတ်ကြားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# တူကီယဲက အီရန်၊ အီရတ်၊ ဆီးရီးယားနှင့် ဂျော်ဒန်တို့သို့ လေကြောင်းခရီးစဉ်များ ဖျက်သိမ်း

**အစ္စတန်ဘူလ် ဇွန် ၁၄**

အီရန်ရှိ ပစ်မှတ်များကိုအစ္စရေးက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ပြီးနောက် ဒေသတွင်း လုံခြုံရေး စိုးရိမ်မှုမြင့်တက်နေစဉ် တူကီယဲလေကြောင်းလိုင်းကုမ္ပဏီများက အီရန်၊ အီရတ်၊ ဆီးရီးယားနှင့် ဂျော်ဒန်နိုင်ငံတို့သို့ လေကြောင်းပျံသန်းမှုခရီးစဉ်များ အားလုံး ဖျက်သိမ်းလိုက်ကြောင်း အာဏာပိုင်များက ဇွန် ၁၃ ရက်တွင် ပြောကြားခဲ့သည်။

လေကြောင်း ခရီးစဉ်များ ဖျက်သိမ်းကြောင်း ဆုံးဖြတ်ချက်ကို တူကီယဲ သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံများ ဆိုင်ရာဝန်ကြီး အဗ္ဗဒူကာဒီယာယူအာလေ့ခ်လူက လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် ကြေညာခဲ့သည်။ လေကြောင်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနနှင့် ညှိနှိုင်းပြီး တူကီယဲလေကြောင်းလိုင်းများသည် အန္တရာယ်ရှိသော နေရာများကိုရှောင်ရှားရန် လေယာဉ်လမ်းကြောင်းများကို ပြန်လည်ပြင်ဆင်ထားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

နျူကလီးယား နေရာများ အပါအဝင် အီရန်ရှိစစ်ဘက်ဆိုင်ရာပစ်မှတ်များကို တိကျသော တိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု အစ္စရေးက ဇွန် ၁၃ ရက်တွင် ကြေညာခဲ့သည်။

အခြေအနေ တင်းမာမှုများကြောင့် ဂျော်ဒန်နှင့်အီရတ်တို့ အပါအဝင် ဒေသတွင်း နိုင်ငံအများအပြားသည် ၎င်းတို့လေပိုင်နက်ကိုပိတ်ကာ လေကြောင်းပျံသန်းမှုများကို ဆိုင်းငံ့ထားသည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်က တောင်ကိုရီးယားမှ အပေါ့စားတိုက်ခိုက်ရေးလေယာဉ် ၁၂ စင်း ဝယ်ယူ

**မနီလာ ဇွန် ၁၄**

ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီးဌာန (ဒီအင်န်ဒီ) သည် တပ်မတော်ကို ပိုမိုခေတ်မီပြီး စွမ်းဆောင်ရည်မြင့်မားလာအောင် ကြိုးပမ်းလုပ်ဆောင်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် တောင်ကိုရီးယားနိုင်ငံ လေယာဉ်နှင့် ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်သည့် ကေအေအိုင် ကုမ္ပဏီမှ FA-50 Block 70 အပေါ့စားတိုက်ခိုက်ရေးလေယာဉ် ၁၂ စင်းကို ဝယ်ယူလိုက်ကြောင်း ဇွန် ၁၄ ရက်တွင် အတည်ပြုပြောသည်။

အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် တန်ဖိုးရှိ အဆိုပါ လေယာဉ်ဝယ်ယူမှု စာချုပ်ကို ယခုလ အစောပိုင်းတွင် တရားဝင် ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ဒီအင်န်ဒီ ထုတ်ပြန်ချက်အရ လေယာဉ်ဝယ်ယူမှု၌ မစ်ရှင်လုပ်ဆောင်ရာတွင် လိုအပ်သည့် ပစ္စည်းကိရိယာများ၊ ကောင်းမွန်စွာ ထိန်းသိမ်းအသုံးပြုနိုင်ရန် လိုအပ်သည့် ထောက်ပံ့မှုများ၊ လေ့ကျင့်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ သတင်းအချက်အလက်စနစ်တို့ ပါဝင်သည်။

FA-50 Block 70 မှာ FA-50 လေယာဉ် ထုတ်လုပ်မှုများထဲမှ နောက်ဆုံးပေါ် အဆင့်မြှင့်တင်ထားခြင်းဖြစ်ပြီး ပိုမိုအဆင့်မြင့်သည့် အီလက်ထရွန်နစ်ပညာ၊ ခေတ်မီရေဒါစနစ်များပါဝင်ကာ ပိုမိုဝေးကွာစွာ တာဝန်ထမ်းဆောင်နိုင်ကြောင်း သိရသည်။

ဒီအင်န်ဒီ ထုတ်ပြန်ချက်တွင် လေယာဉ်များကို လာမည့်ငါးနှစ်အတွင်း အသုတ်လိုက် လက်ခံရရှိမည်ဖြစ်ကာ ၂၀၃၀ ပြည့်နှစ်အနောက်တွင် မှာယူထားသည့် လေယာဉ် အားလုံးရရှိမည်ဟု ဖော်ပြထားသည်။

**ဆင်ဟွာ**





# ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်း ဝူတစ်ပ်ကြောင့် သုံးဦးသေဆုံး

**ဟန်နွိုင်း ဇွန် ၁၄**

ဗီယက်နမ်အလယ်ပိုင်းတွင် တိုင်ဖွန်းဝူတစ်ပ် တိုက်ခတ်မှုကြောင့် ရေကြီးမှုများအကြီးအကျယ် ဖြစ်ပေါ်ခဲ့ပြီး သုံးဦးသေဆုံးသွားကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဇွန် ၁၄ ရက်တွင် ဖော်ပြသည်။

သေဆုံးသူနှစ်ဦးမှာ ကွမ်းထရီပြည်နယ် ထရီယိုဖုံးခရိုင်တွင် ရေကြီးမှုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်စဉ် သေဆုံးခဲ့ခြင်းဖြစ်ပြီး ကျန်တစ်ဦးမှာ ဟိုင်လန်ခရိုင်တွင် ရေနစ်သေဆုံးခဲ့ခြင်းဖြစ်သည်။ ကွမ်းဘင်ပြည်နယ်တွင် အခြားလူလေးဦး ပျောက်ဆုံးနေဆဲဖြစ်ကာ ရာသီဥတုအခြေအနေတိုးတက်လာသည်နှင့်အမျှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေကြီးမှုများကြောင့် စပါးစိုက်ခင်း ဟက်တာ ၂၁၀၀၀ ကျော်၊ ဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် ရေသတ္တဝါမွေးမြူရေးကန်များ ဟက်တာသောင်းနှင့်ချီ ရေနစ်မြုပ်ပျက်စီးမှုနှင့်အတူ ကြက်၊ ဘဲ၊ ငန်း ကောင်ရေ သောင်းချီသေဆုံးခဲ့သည်။

မြေနိမ့်ပိုင်းနှင့် ကုန်းမြင့်ဒေသနှစ်ခုစလုံးတွင် ရေလွှမ်းမိုးခြင်း၊ ယာဉ်ကြောများ ပြတ်တောက်ခြင်းနှင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ခြင်းများ လုပ်ဆောင်ခဲ့ရသည်။ **ဆင်ဟွာ**

# လယ်ဝေးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်



**နေပြည်တော် ဇွန် ၁၄**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် မုန်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် တပ်မတော်သားများ၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ကျေးရွာနေပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လာရောက်ကြည့်ရှု အားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ လယ်ဝေးမြို့ အမှတ်(၆)ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း ကျန်းမာရေးအသိပညာပေးဟောပြောပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် နှိမ်နင်းရေးလုပ်ငန်းနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းဆွေးနွေးကာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနန္ဒာကျော်က ရပ်ကွက်ကျေးရွာများအတွင်းသို့ အဖွဲ့များခွဲ၍ လုပ်ငန်းဆောင်ရွက်နေသည့် အစီအစဉ်များနှင့် အဘိတ်ဆေးအသုံးပြုနည်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် အမှတ်(၆)ရပ်ကွက်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးမြို့နယ်ရုံးက ထိန်အင်းကျေးရွာမှ ပြည်သူများအား ပန်းခင်းစီမံချက်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးနေမှုနှင့် လယ်ဝေးမြို့နယ် ပျံချီကျေးရွာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၇၀ အတွက် စာစစ်ဌာနပြင်ဆင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# လပွတ္တာမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

**လပွတ္တာ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သဘာဝရေပြင်အတွင်း ယနေ့နံနက် ၉ နာရီခွဲက ညောင်လိန်ကျေးရွာအုပ်စု ရှမ်းစုကျေးရွာ ဆည်းမြောင်းတာတမံအတွင်းသို့ ငါးမြစ်ချင်းကောင်ရေ တစ်သိန်းနှင့် ငါးခုံးမကြီးကောင်ရေတစ်သိန်း စုစုပေါင်း ငါးကောင်ရေနှစ်သိန်းကို မျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဝါဝါသိန်းနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကဏာန်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံရေလုပ်သားများက သဘာဝရေပြင်အတွင်း စုပေါင်းငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# မြဝတီမြို့ ရပ်ကွက်ငါးခုရှိ ယာယီနေရပ်စွန့်ခွာပြည်သူ ၂၀၄၈ ဦးအား ဆန်အိတ် ၃၅၈ အိတ် ထောက်ပံ့ပေးအပ်

**မြဝတီ ဇွန် ၁၄**

ကရင်ပြည်နယ် မြဝတီမြို့နယ် မြို့ပေါ်ရပ်ကွက်ငါးခုအတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် အမှတ်(၄) ရပ်ကွက်ရှိ ကြခတ္တောဘုန်းကြီးကျောင်း ဓမ္မာရုံတို့၌ ဆောင်ရွက်သည်။



ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၏ ဦးဆောင်မှုဖြင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညဏ်မြင့်၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်သန်း၊ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းနှင့် ရာအိမ်မှူးတို့က ကိုရီးယားနိုင်ငံမှ လှူဒါန်းသည့် ဆန်အိတ် ၃၅၈ အိတ် (၄၀ ကီလိုဂရမ်)ကို ယာယီနေရပ်စွန့်ခွာပြည်သူ အိမ်ထောင်စု ၆၂၇ စု၊ လူဦးရေ ၂၀၄၈ ဦးအတွက် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

# ပုဗ္ဗသီရိမြို့နယ်၌ ရဲတပ်ဖွဲ့ဝင်များ၏ သား၊ သမီးများအား စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ရဲတပ်ဖွဲ့ဝင်များ၏ သား၊ သမီးများအား ပညာသင်စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ယနေ့ပြုလုပ်ရာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသား ကျောင်းသူ ၃၄ ဦးအတွက် စုစုပေါင်း ငွေကျပ် ၃၄၀၀၀၀ တန်ဖိုးရှိ စာရေးကိရိယာများကို ရဲမှူးရန်နိုင်နှင့် ဇနီး ၊ ဒုတိယရဲမှူးအေးစိုးနှင့် ဇနီးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

**နန်းရွှေရတီ(ပြန်/ဆက်)**



# သာစည်နှင့် မိုင်းဆတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၄**

ဇွန် ၁၀ ရက် ညနေ ၄ နာရီ မိနစ် ၅၀တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် တာချီလိတ်မှ မိတ္ထီလာဘက်သို့ ယာဉ်မောင်း ထူးအိဏ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် စိန်လင်းလိုက်ပါလာသည့် TOYOTA HIACE ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်၏နောက်ဆုံးထိုင်ခုံနှင့်ကပ်လျက် အိမ်သုတ်ဆေးဘူးကြီးအတွင်းမှ စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၅၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၅၀၀)နှင့် ဆေးခြောက် ၀ ဒသမ ၆ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၄ ဒသမ ၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂ ဒသမ ၇ သိန်း)တို့အား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၅ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးများကို တင်ဆောင်ပေးသူ မမာမာသက်အား တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျှံ(၁)ရှိနေအိမ်တွင်လည်းကောင်း၊ ဇွန် ၁၁ ရက် ည ၁၀ နာရီ ၂၅ မိနစ်တွင် မူးယစ်ဆေးဝါးများ ပို့ဆောင်ခိုင်းသူ ပြည့်စိုးအား တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် လမ်းမပေါ်တွင်လည်းကောင်း၊ ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါးများ ပို့ဆောင်ရန် လက်ခံဆောင်ရွက်သူ နေလင်းအောင်အား တာချီလိတ်မြို့ ပါလျှံ(၁)လမ်းပေါ်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိသဖြင့် ထူးအိဏ်(၂၃နှစ်)၊ စိန်လင်း (၂၀နှစ်)၊ မာမာသက်(၃၂နှစ်)၊ ပြည့်စိုး(၂၈နှစ်)၊ နေလင်းအောင်(၃၇နှစ်) တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဇွန် ၁၂ ရက် ည ၁၂ နာရီ ၁၀ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မဟုန်လွယ်ကျေးရွာအုပ်စု မဟုန်လွယ်ကျေးရွာအနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် ယောင်ခကျေးရွာဘက်မှ မိုင်းဆတ်မြို့ဘက်သို့ ချိန်ကိုးချိန်(ခ) အားချန် မောင်းနှင်လာသော DONGFENG အမျိုးအစား ခြောက်ဘီးမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ခေါင်းခန်းနောက်ထိုင်ခုံပေါ်ရှိ စက္ကူဂျပ်ဖာအတွင်းမှ အိုက်စ် (မက်သ်အဖက်တမင်း) ၃၆ ဒသမ ၉ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၈၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၉၅၂ သိန်း)ကို ဖမ်းဆီးရမိသဖြင့် ချိန်ကိုးချိန်(ခ)အားချန်(၄၄နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီး၌ တရားခံများအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ကန်ကြီးထောင့်မြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသရုပ်ပြ

**ကန်ကြီးထောင့် ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် စပါးမျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇွန် ၁၃ ရက်က သဘော့ငူကျေးရွာအုပ်စု သဘော့ချောင်းကျေးရွာ၌ ကျင်းပသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် သဘော့ငူကျေးရွာအုပ်စု သဘော့ချောင်းကျေးရွာရှိ ကွင်းအမှတ် ၁၈၇-E၊ ဦးပိုင်အမှတ်-၃၆၊ တောင်သူ ဦးသက်ပိုင်စိုး၏ လယ်လေးဧကတွင် ဆင်းသုခ စပါးမျိုးကို မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် မျိုးစေ့ချစိုက်ပျိုးမှု အခြေအနေကို ကြည့်ရှုအားပေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်စိုးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စိုက်ပျိုးခြင်းကြောင့် ကြဲခင်းထက် မျိုးစေ့နှုန်းထား လျှော့ချနိုင်ခြင်း၊ ပျိုးနုတ်ရန်မရှိခြင်းကြောင့် ပျိုးပင်ထိခိုက်မှု သက်သာစေခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှု စောစီးစွာ ရရှိနိုင်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငတ်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေခြင်း၊ အသုံးပြုမြေဩဇာ၏ အကျိုးသက်ရောက်နိုင်စွမ်း ပိုမိုကြာမြင့်စေခြင်း၊ ရေကို ပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်နှင့် အထွက်နှုန်း သိသာစွာ ကွဲပြားခြားနားမှု မရှိခြင်းစသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ကန်ကြီးထောင့်မြို့နယ် အမှတ် (၁)ရပ်ကွက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အားပေးစကားများ ပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများနှင့် ဆန်၊ ဆီ၊ ကြက်ဥများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀) ပြည့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

**ပဲခူး ဇွန် ၁၄**

ပဲခူးမြို့ ခုတင် (၅၀၀) ဆံ့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အောင်သုခ ဆေးကုသဆောင်၌ ဇွန် ၁၂ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းအောင် ဦးဆောင်မှုဖြင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းကြသည်။



သွေးလှူဒါန်းကြသည့် ဝန်ထမ်းများအား ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်၊ တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းအောင်နှင့် ဌာနမှ အရာရှိကြီးများ၊ ပဲခူးမြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုဂုဏ်ပြုအားပေးစကား ပြောကြားပြီး အာဟာရပြည့် မုန့်များ၊ အအေးဘူး၊ ကြက်ဥနှင့် ဆေးဝါးများကို ပေးအပ်ကြောင်း သိရသည်။

သက်ထက်

# သထုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲကျင်းပ



**သထုံ ဇွန် ၁၄**

မွန်ပြည်နယ် သထုံမြို့နယ်၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်း အခမ်းအနားကို ဇွန် ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံမြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးစိုးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်နိုင်က အခွန်ပေးဆောင်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် အခွန်ထမ်း လုပ်ငန်းရှင်တို့က သိလိုသည်များကို မေးမြန်းကြကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ခရိုင်(ပြန်/ဆက်)

# မြစ်သားမြို့နယ်၌ အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း စာစစ်ဌာနတွင် လမ်းခင်းပေးခြင်းဆောင်ရွက်

**မြစ်သား ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ Grade-12 ပြန်လည်ဖြေဆိုမည့် အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းဝင်း စာစစ်ဌာနတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များက ဦးဆောင်ကြီးကြပ်မှုဖြင့် ကျောက်မှုန့်များ လမ်းခင်းပေးခြင်းကို(ရွှေနဂါး) တရုတ်ရိုးရာဝါးပျော့ဖတ်နှင့် ခဲစက္ကူစက်ရုံပိုင်ရှင် ဦးဟန်ချင်လျံက ဇွန် ၁၃ ရက်တွင် လမ်းခင်းပေးခြင်းဆောင်ရွက်သည်။ မြို့နယ် (ပြန်/ဆက်)





# လပွတ္တာမြို့နယ်၌ မိုးရာသီတွင်အဖြစ်များသော ကူးစက်ရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြော

**လပွတ္တာ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ဇွန် ၁၃ ရက်က မိုးရာသီတွင် အဖြစ်များသော ကူးစက်ရောဂါများ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစံရင်မော်က မိတ်ဆက်အမှာစကားပြောကြားခြင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်းဥက္ကဋ္ဌ ဒေါ်အိအိနွယ်က အမျိုးသမီးရေးရာအဖွဲ့နှင့်ပတ်သက်၍ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာအောင်က မိုးရာသီတွင်အဖြစ်များသော ရောဂါများဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ရာသီတုပ်ကွေးရောဂါ၊ အသည်းရောင်အသားဝါ(A)ရောဂါများအကြောင်းနှင့် ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် သန့်လေးသန့်၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများအား ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# ကော့သောင်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ကော့သောင်း ဇွန် ၁၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇွန်၁၃ ရက်ကကော့သောင်းမြို့ အောင်သုခရပ်ကွက်ရုံး၌ ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးကိုကိုနိုင် ကြီးကြပ်မှုဖြင့် ဒုလဝကမှူး ဦးဝေယံစိုး ဦးဆောင်သော ဝန်ထမ်းများသည် ကော့သောင်းမြို့ အောင်သုခရပ်ကွက်တွင် မြေပြင်စာရင်းများမှ ကိုင်ဆောင်လက်မှတ်မရှိသူများအား ပြန်လည်စိစစ်ခြင်း၊ ရပ်ကွက်နေပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် လိုအပ်သည့် အချက်အလက်များကို စိစစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများ၊ မှတ်ပုံတင်(လဲလှယ်)သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ခြင်း၊ UID ဆောင်ရွက်ပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



ပြည့်ဝဆီများကို တတ်နိုင်သမျှ
လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ။

## နန်းကွေ့ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု တာဝန်ရှိသူများစစ်ဆေး



**မြစ်ကြီးနား ဇွန် ၁၄**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေးသွားလာနိုင်ရန် ရည်ရွယ်၍ နန်းကွေ့-မော်ဖောင်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ နန်းကွေ့ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော် စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲမှ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမောင်မောင်မိုးဝင်း၊ မြစ်ကြီးနားမြို့နယ် ဦးစီးမှူး ဒေါ်ဆုမွန်အောင်နှင့် တာဝန်ရှိသူများသည် နန်းကွေ့ကျေးရွာအုပ်စုနှင့် မော်ဖောင်းကျေးရွာအုပ်စုကို ဆက်သွယ်ထားသော အရှည် ၃၂၄ ပေ၊ အကျယ် ပေ ၂၀ ရှိ နန်းကွေ့ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် တာဝန်ရှိသူများသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နန်းကွေ့ချောင်းကူးတံတား ချဉ်းကပ်လမ်းကွန်ကရစ်ခင်းမည့် မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ချဉ်းကပ်လမ်းအား သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

မြစ်ကြီးနားမြို့နယ်အတွင်းရှိ အဆိုပါ နန်းကွေ့ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေများကို အသုံးပြုကာ တံတားတည်ဆောက်ရေးရုံးချုပ်မှ တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ **မောင်နိုင်**

## သဃ်န်းကျွန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ဓာတ်အားခွဲရုံတို့အား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



**ရန်ကုန် ဇွန် ၁၄**
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အရှေ့ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာတို့နှင့်အတူ ဇွန် ၁၃ ရက်က သဃ်န်းကျွန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ဓာတ်အားခွဲရုံတို့အား ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သဃ်န်းကျွန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိစဉ် ဓာတ်အားခကြွေးကျန် အခြေအနေများ၊ အရှုံးအမြတ်အခြေအနေများ၊ ဓာတ်အားခွဲရုံ တစ်ခုချင်းအလိုက်နှင့် ဖီဒါ အလိုက် မီတာများ တပ်ဆင်ထားရှိမှု၊ ဓာတ်အားပျောက်ဆုံးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မီတာစမ်းသပ်စစ်ဆေးရေးဌာနသို့ ပေးပို့ရန် လိုအပ်သောမီတာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ပေးပို့ရန် မှာကြားသည်။

ယင်းနောက် သဃ်န်းကျွန်း(မြို့ရုံး)ဓာတ်အားခွဲရုံနှင့် သဃ်န်းကျွန်း (မြောက်)ဓာတ်အားခွဲရုံသို့ သွားရောက်၍ ဖီဒါအလိုက်ဓာတ်အားဖြန့်ဖြူးထားမှု၊ မီတာဖတ်မှတ်တမ်းကတ်များ ရေးသွင်းထားမှု၊ ဓာတ်အားခွဲရုံအတွင်းအပြင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှုနှင့် ခွဲရုံကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဓာတ်အားခွဲရုံနှင့် ထရန်စဖော်မာများ လောင်ကျွမ်းပျက်စီးမှုမဖြစ်စေရေး၊ ဓာတ်လိုက်မှုအန္တရာယ်၊ မီးဘေးအန္တရာယ်များမဖြစ်စေရေး၊ထရန်စဖော်မာနှင့် ဖီဒါများအလိုက် ဓာတ်အားပျောက်ဆုံးမှုများကို စိစစ်၍ တရားမဝင်ဓာတ်အားသုံးစွဲမှုများကို စိစစ်ဖော်ထုတ်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **ချစ်ဆောင်**

## မုန်တိုင်းဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်

**သထုံ ဇွန် ၁၄**
မွန်ပြည်နယ် သထုံမြို့နယ်၌ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် မုန်တိုင်းဘေးအန္တရာယ် ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်နိုင်ရေး စုပေါင်းသရုပ်ပြလေ့ကျင့်ခြင်းကို ဇွန် ၁၃ ရက်က သထုံမြို့ နန်းခဲရပ်ကွက်ရှိ ဘူတာဝင်းအတွင်း၌ ပြုလုပ်သည်။

သရုပ်ပြလေ့ကျင့်ရာတွင် သထုံမြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးစိုးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရဲညွန့်ထွေးတို့၏ ဦးဆောင်မှုဖြင့် မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် လူမှုကူညီရေးပရဟိတအဖွဲ့တို့က မုန်တိုင်းသတိပေးကြေညာခြင်း၊ မုန်တိုင်းအန္တရာယ်နှင့် ပတ်သက်သည့် ကြိုတင်သတိပြုစရာများ အသိပေးနှိုးဆော်ခြင်း၊ ဘေးလွတ်ရာ ယာယီကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းခိုလှုံခြင်း၊ အန္တရာယ်ကျရောက်နေသူများအား နည်းလမ်းအမျိုးမျိုးဖြင့် ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးသူနာပြုစုခြင်း၊ ဘေးလွတ်ရာသို့ ရောက်ရှိသူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှု၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ခြင်း စသည့်မုန်တိုင်းဘေး မဖြစ်ပွားမီ၊ ဖြစ်ပွားဆဲနှင့် ဖြစ်ပွားပြီးနောက် စနစ်တကျ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် သရုပ်ပြလေ့ကျင့်ခြင်း ပြုလုပ်သည်။



**ခရိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**မော်လမြိုင် ဇွန် ၁၄**
မော်လမြိုင်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၃၈) မူးယစ်တပ်ဖွဲ့စုနှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ကျောင်းသား ကျောင်းသူများ သိသင့်သိထိုက်သည့် အသိပညာဗဟုသုတ အကြောင်းအရာများ၊ စာဖတ်ခြင်းကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ အကြောင်းကို လည်းကောင်း၊ အမှတ် (၃၈) မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်လင်းလင်းဦးက မူးယစ်ဆေးဝါး မသုံးစွဲမိစေရန် လိုက်နာသင့်သည့် အချက်များ၊ မူးယစ်ဆေးဝါး အမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများကို လည်းကောင်း၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ဦးသန်းဝင်းက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး အကြောင်းတို့ကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇွန် ၁၄**
ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ လမ်းမှူးများ၊ ရပ်ကျေးစာရေးများ တက်ရောက်ကြသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ အထက်ဌာနမှ ညွှန်ကြားလာသော မှာကြားချက်များ၊ ယာယီတိုက်ပွဲရှောင်စာရင်း ကျန်ရှိသူများမရှိစေရေး၊ ရပ်ကျေးစာရေးများ ရပ်ကွက်ရုံးသွားရောက်စေရေး၊ ပြည်သူ့စစ်မှုထမ်း ပူးပေါင်းပါဝင်ဆောင်ရွက်စေရေး၊ ရပ်ကွက်ဒေသဆိုင်ရာ အချက်အလက်များ စုဆောင်းထားရှိစေရေးတို့ကို ပြောကြားပြီး အခမ်းအနား တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ဓနုဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ မိုးစပါးရာသီအတွက် ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးစရိတ်ပေးအပ်

**ဓနုဖြူ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ မိုးစပါးရာသီအတွက် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်သည့် တောင်သူများအား စိုက်ပျိုးစရိတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကဇွနကျွန်းသာ ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးသည်။ ထို့နောက် ကဇွနကျွန်းသာ ကုမ္ပဏီလီမိတက် စိုက်ပျိုးရေးနှင့် ကန်ထရိုက်လယ်ယာ တာဝန်ခံ မန်နေဂျာ ဦးမင်းဇော်က စိုက်ပျိုးရေးနှင့် ကန်ထရိုက်လယ်ယာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ကဇွနကျွန်းသာ ကုမ္ပဏီလီမိတက် ဓနုဖြူရုံးခွဲ တိုက်နယ်ကြီးကြပ်ရေးမှူး အဖွဲ့ခေါင်းဆောင် ဦးဝင်းမြင့်က ကုမ္ပဏီနှင့် ကန်ထရိုက် လယ်ယာ တောင်သူများ ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားကာ တောင်သူများအား စိုက်ပျိုးစရိတ်ငွေများ ထုတ်ပေးသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## မုံရွာခရိုင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ ဝန်ထမ်းနှင့်တွဲဖက်ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာသင်စရိတ်ပေးအပ်




**မုံရွာ ဇွန် ၁၄**

မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းနှင့် တွဲဖက်ဝန်ထမ်းများ၏ သား၊ သမီးများအား ပညာသင်စရိတ်ပေးအပ်ပွဲကို ဇွန် ၁၃ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မုံရွာခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းနှင့် တွဲဖက်ဝန်ထမ်းများ၏သား၊ သမီးများအား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အထက်တန်းအဆင့် ငါးဦး၊ အလယ်တန်းအဆင့် ခြောက်ဦး၊ မူလတန်းအဆင့် ၂၃ ဦး စုစုပေါင်း ၃၄ ဦးအတွက် ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့သည့်အပြင် ပြင်ပအလှူရှင်များက လှူဒါန်းသည့် စုစုပေါင်း လှူဒါန်းငွေကျပ် ၅၄၄၀၀၀ ကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြိတ်မြို့၌ မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**မြိတ် ဇွန် ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ကန်ကြီးရပ်ကွက် ကမ်းနားလမ်းရှိ သစ်ယာဝရေဆင်းတံတား၌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်၍ ပြုလုပ်ကြသည်။



သရုပ်ပြလေ့ကျင့်မှုကို မြိတ်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့် ရေလမ်းသွားခရီးသွားများက ကြည့်ရှုအားပေးကြသည်။ သရုပ်ပြလေ့ကျင့်မှုအပြီးတွင် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



## ရန်ကင်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှုများအား ကွင်းဆင်းဆောင်ရွက်

**ရန်ကင်း ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နိုင်ရောင်းချသော ဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေး ကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဇော်ဝင်းထွန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့ နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ပူးပေါင်းပြီး ရန်ကင်းမြို့နယ် အတွင်းရှိ "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



## မိတ္ထီလာမြို့၌ ရှာဖွေကယ်ဆယ်ရေးတိုက်ပွဲဝင်အသင့် သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်

**မိတ္ထီလာ ဇွန် ၁၄**

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက်အနီး မိတ္ထီလာမြောက်ကန်၌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်ပြုလုပ်သော ရှာဖွေကယ်ဆယ်ရေးတိုက်ပွဲဝင်အသင့် သရုပ်ပြလေ့ကျင့်မှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ဦးစွာ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက ရှာဖွေကယ်ဆယ်ရေး တိုက်ပွဲဝင်အသင့် သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်သည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိတ္ထီလာမြောက်ကန်အတွင်း၌ ပြုလုပ်သည့် ရေကြီးမှု၌ ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်နေမှုများကို ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

### မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေ များတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်း လျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



## ပေါင်မြို့နယ်၌ မျိုးသန့်ပွားများခြင်းနှင့် ကြဲခင်းစနစ်လျှော့ချရေးအတွက် မျိုးစေ့ချကိရိယာစနစ်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြ

**ပေါင် ဇွန် ၁၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ စိုက်ပျိုးရာသီတွင် ခေါင်နှံစနစ်ဖြင့် စိုက်ပျိုး၍ မျိုးသန့်ပွားများခြင်းနှင့် ကြဲခင်းစနစ်လျှော့ချရေးအတွက် မျိုးစေ့ချကိရိယာ(Seeder)စနစ်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက သဲဖြူကုန်းကျေးရွာ ဦးဒါဝတ်၏ လယ်မြေ၌ ပြုလုပ်ရာသထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တောင်သူများက တက်ရောက်ကြသည်။

ဆက်လက်၍ ပေါင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာလှိုင်က ခေါင်နှံစနစ်ဖြင့် စိုက်ပျိုး၍ မျိုးသန့်ပွားများခြင်း နည်းစနစ်ကို ရှင်းလင်းဆွေးနွေးပြီး ပေါင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးရဲမြင့်က မျိုးစေ့ချကိရိယာစနစ်ဖြင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးရာ တောင်သူများက သိလိုသည်များကို မေးမြန်းခဲ့သည်။ ထို့နောက် ခေါင်နှံစနစ်ဖြင့် စိုက်ပျိုး၍ မျိုးသန့်ပွားများခြင်းနှင့် ကြဲခင်းစနစ်လျှော့ချရေးအတွက် မျိုးစေ့ချကိရိယာစနစ်ဖြင့် စိုက်ပျိုးခြင်း၊ လက်တွေ့ပြသခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**















# ကလပ်ကမ္ဘာ့ဖလားမှာ စောင့်ကြည့်ရမယ့် ကစားသမားများ

■ မိုးဇက် – ရေးသားသည်

**၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ဇွန် ၁၅ ရက်ကနေ ဇူလိုင် ၁၃ ရက်အထိ အမေရိကန်ပြည်ထောင်စုမှာ စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းကျင်းပသွားမှာ ဖြစ်ပါတယ်။ ယခုနှစ် ကလပ်ကမ္ဘာ့ဖလားကို အသင်းပေါင်း ၃၂ သင်း အထိ တိုးချဲ့ကာ ပထမဆုံးအကြိမ် ပုံစံသစ်နဲ့ ကျင်းပသွားမှာလည်း ဖြစ်ပါတယ်။**

လေးသင်းတစ်အုပ်စုနဲ့ ရှစ်အုပ်စုခွဲကာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပြီး ထိပ်ဆုံးနှစ်သင်းက နောက်တစ်ဆင့်ကို တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ **အုပ်စု (က)** မှာ ပါးလ်မီးယပ်စ်၊ ပေါ်တို၊ အယ်အာလီနဲ့ အင်တာမိုင်ယာမီ၊ **အုပ်စု (ခ)** မှာ ပီအက်စ်ဂျီ၊ အက်သလက်တီကိုမက်ဒရစ်၊ ဘိုတာဖိုဂို၊ ဆီးတယ်ဆောင်းဒါးလ်၊ **အုပ်စု (ဂ)** မှာ ဘိုင်ယန်မြူးနစ်၊ အော့ကလန်၊ ဘိုကာဂျူနီယာ၊ ဘင်ဖီကာ၊ **အုပ်စု (ဃ)** မှာ ဖလာမင်ဂို၊ အက်စ်ပါးရန့်ဒီတူးနစ်၊ ချယ်ဆီး၊ လော့စ်အိန်ဂျလိစ်၊ **အုပ်စု (င)** မှာ ရေးဗားပလိတ်၊ အူရာဝါရက်ဒိုင်းမွန်း၊ မွန်တာရေး၊ အင်တာမီလန်၊ **အုပ်စု (စ)** မှာ ဖလူမီးနိစ်၊ ဒေ့ါမွန်၊ အူလ်စန်၊ မာမယ်လိုဒီဆန်းဒေါင်း၊ **အုပ်စု (ဆ)** မှာ မန်စီးတီး၊ ဝါဒက်၊ အယ်အိန်း၊ ဂျူဗင်တပ်စ်နဲ့ **အုပ်စု (ဇ)** မှာ ရီးရဲမက်ဒရစ်၊ အယ်ဟီလယ်၊ ပါချူကာ၊ ဆောလ်ဘတ် အသင်းတို့ ကျရောက်နေပါတယ်။

ယခုနှစ် ကလပ်ကမ္ဘာ့ဖလားမှာ အရည်အသွေးမြင့် ထိပ်တန်းအဆင့် ကစားသမားကောင်းတွေ အများအပြား ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ရီးရဲမက်ဒရစ်အသင်း တိုက်စစ်ကစားသမား အမ်ဘာပေ၊ အင်တာမိုင်ယာမီတိုက်စစ်ကစားသမား မက်ဆီ၊ မန်စီးတီးတိုက်စစ်ကစားသမား ဟာလန်း၊ ဘိုင်ယန်မြူးနစ်တိုက်စစ်ကစားသမား ဟာရီကိန်း၊ ရေးဗားပလိတ်တိုက်စစ်ကစားသမား ဖရန်ကို မာစတန်တူအိုနိုနဲ့ ချယ်ဆီးတိုက်စစ်ကစားသမား ပဲလ်မာတို့ကို အဓိကထား စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**အမ်ဘာပေ (ရီးရဲမက်ဒရစ် – တိုက်စစ်)**

အမ်ဘာပေဟာ ရီးရဲမက်ဒရစ်အသင်းကို ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ပထမဆုံးရာသီမှာပင် ခြေစွမ်းကောင်းပြသကာ စံချိန်တင် ၄၂ ဂိုးအထိ သွင်းယူထားနိုင်သူ ဖြစ်ပါတယ်။ ပြေးအားကောင်းပြီး ပြိုင်ဘက်ခံစစ်ကို ကျော်ဖြတ်နိုင်စွမ်းရှိတယ်။ ဂိုးသွင်းရာမှာလည်း ပါးနပ်မှုရှိပြီး အခွင့်အရေးရရင် တုံ့ဆိုင်းမှုမရှိဘဲ တည်တည်ငြိမ်ငြိမ်နဲ့ အဆုံးသတ်နိုင်တယ်။ အမ်ဘာပေက တိုက်စစ်နေရာမှာသာမက ဘယ်တောင်ပံ၊ ညာတောင်ပံစတဲ့နေရာတွေမှာလည်း ကစားနိုင်တယ်။ အရင်တုန်းက တစ်ကိုယ်တော်ကစားတာ များပေမယ့် နောက်ပိုင်းမှာ အသင်းဖော်တွေနဲ့ ချိတ်ဆက်ပြီး ဘောလုံးပေးပို့မှုတွေ၊ ကစားကွက်ဖန်တီးမှုတွေ၊ ဂိုးဖန်တီးမှုတွေမှာပါ ပိုမိုပြုလုပ်လာနိုင်တာကြောင့် အသင်းနဲ့ပူးပေါင်းချိတ်ဆက်ကစားမှုအားကောင်းသူလည်း ဖြစ်ပါတယ်။ သူ့ရဲ့ မြန်နှုန်းမြင့် ပြေးအားနဲ့ ထူးချွန်တဲ့ ဂိုးသွင်းစွမ်းရည်တွေကြောင့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြိုင်ဘက်အသင်းတိုင်း သတိထားချဉ်းကပ်ရမယ့် ကစားသမားတစ်ဦးအဖြစ် ရှိနေတာဖြစ်တယ်။

**မက်ဆီ (အင်တာမိုင်ယာမီ – တိုက်စစ်)**

မက်ဆီရဲ့ ကစားဟန်က တခြားကစားသမားတွေနဲ့ မတူတဲ့ ပုံစံမျိုးရှိတယ်။ မက်ဆီရဲ့ ဘောလုံးထိန်းချုပ်မှုဟာ အလွန်ထူးခြားပြီး ဘောလုံးကို ခြေထောက်နဲ့ကပ်ပါပြီး ပြိုင်ဘက်ကစားသမားတွေ ဟန့်တားနေတဲ့ကြားကနေ လွယ်လွယ်ကူကူ ဖောက်ထွက်နိုင်စွမ်းရှိတယ်။ နောက်ပြီး သူ့ရဲ့ လိမ်ခေါက်ကျော်ဖြတ်နိုင်မှု စွမ်းဆောင်ရည်ကလည်း ပြိုင်ဘက်ကစားသမားတွေကို အခက်တွေ့စေပါတယ်။ ဒါ့အပြင် ဂိုးသွင်းယူနိုင်စွမ်း၊ ဂိုးရရှိအောင် ဖန်တီးနိုင်စွမ်း၊ အသင်းဖော်တွေရဲ့ လှုပ်ရှားမှုကို သိရှိကာ ကစားကွက်ကို ကြိုတင်ခန့်မှန်းနိုင်စွမ်း၊ ကစားကွင်းရဲ့ နေရာစုံကို အလွယ်တကူရောက်ရှိနိုင်ပြီး ရုတ်တရက်လမ်းကြောင်း ပြောင်းလဲနိုင်စွမ်းကလည်း ပြိုင်ဘက်ကစားသမားတွေကို အခက်အခဲ ဖြစ်စေပါတယ်။ ဒါကြောင့် မက်ဆီကို ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သတိထားစောင့်ကြည့်သွားရမှာ ဖြစ်တယ်။

**ဟာလန်း (မန်စီးတီး – တိုက်စစ်)**

မန်စီးတီးတိုက်စစ်ကစားသမား ဟာလန်းက ပြိုင်ဘက်ကစားသမားတွေထက် အရပ်အနည်းငယ် ပိုရှည်ပြီး အံ့အားသင့်ဖွယ်မြန်နှုန်းနဲ့ ထိုးဖောက်ပြေးထွက်ကာ ခံစစ်မှူးတွေကို ကျော်ဖြတ်ပြီး ဂိုးသွင်းယူနိုင်စွမ်း ရှိတယ်။ ဂိုးသွင်းတဲ့ နေရာမှာလည်း ပါးပါးနပ်နပ်နဲ့ သွင်းယူနိုင်တယ်။ ဟာလန်းရဲ့ ဂိုးဧရိယာအတွင်း လှုပ်ရှားမှုကို ကြည့်ရင် ခံစစ်မှူးတွေရဲ့ မြင်ကွင်းကွယ်ရာကနေ ထိုးဖောက်ပြေးလွှားပြီး သွင်းဂိုးတွေ ရယူနိုင်စွမ်း ရှိတယ်။ ညာခြေ၊ ဘယ်ခြေ နှစ်မျိုးစလုံးနဲ့ သွင်းဂိုးတွေ ရယူနိုင်သလို ခေါင်းတိုက်ပြီးလည်း ဂိုးတွေသွင်းယူနိုင်စွမ်းရှိတယ်။ နောက်ပြီး ဂိုးသမားတွေ ဖမ်းယူရ ခက်စေတဲ့ အနိမ့်ပိုင်းကန်သွင်းချက်တွေကိုလည်း မကြာခဏတွေ့ရတယ်။ ဟာလန်းဟာ ခေတ်သစ်ဘောလုံးလောကရဲ့ ပြောင်းလဲမှုတွေနဲ့အတူ ငွားငွားစွင့်စွင့် ထွက်ပေါ်လာတဲ့ တိုက်စစ်ကစားသမားတစ်ဦးဖြစ်တာကြောင့် ကလပ်ကမ္ဘာ့ဖလားမှာ သတိထားစောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ဟာရီကိန်း (ဘိုင်ယန်မြူးနစ် – တိုက်စစ်)**

ဟာရီကိန်းက တခြားတိုက်စစ်ကစားသမားတွေလို ဂိုးသွင်းဖို့ စောင့်ဆိုင်းနေတဲ့ တိုက်စစ်မှူး မဟုတ်ဘဲ ကွင်းလယ်အထိဆင်းပြီး အသင်းဖော်တွေနဲ့ ဘောလုံးပေးပို့ဖြန့်ဝေနိုင်စွမ်းရှိတာက သူ့ရဲ့အားသာချက်လို့ ဆိုနိုင်တယ်။ ဒ့ါအပြင် သူ့ရဲ့ကိုယ်လုံးကိုယ်ထည်နဲ့ ကြံ့ခိုင်မှုကလည်း ပြိုင်ဘက်ခံစစ်ကစားသမားတွေကို ထိန်းချုပ်ပြီး ဘောလုံးကို ပိုင်ဆိုင်ထားဖို့ အထောက်အကူဖြစ်စေပါတယ်။ ဟာရီကိန်းက ဂိုးသွင်းထက်မြက်တာအပြင် ဂိုးဖန်တီးတဲ့ နေရာမှာလည်း ထူးချွန်တယ်။ ဂိုးဧရိယာအကျဉ်းထဲမှာ ဘောလုံးကို ထိန်းချုပ်ကိုင်တွယ်နိုင်စွမ်းနဲ့ ပြိုင်ဘက်တွေကို ရှောင်တိမ်းနိုင်စွမ်းတွေကလည်း ခံစစ်မှူးတွေကို ခေါင်းကိုက်စေပါတယ်။ ဟာရီကိန်းက ဖိအားများတဲ့ အခြေအနေတွေမှာပင် တည်တည်ငြိမ်ငြိမ်နဲ့ အသင်းကို ဦးဆောင်နိုင်စွမ်းရှိတယ်။ ဆုဖလား ဆွတ်ခူးရေးမှာ ကံမကောင်းဘူးလို့ ဆိုသော်ငြား သူ့ရဲ့ ဂိုးသွင်းစွမ်းရည်၊ ဂိုးရရှိအောင် ဖန်တီးနိုင်စွမ်း၊ အသင်းကို ဦးဆောင်နိုင်စွမ်းစတာတွေကြောင့် သတိထား စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**မာစတန်တူအိုနို (ရေးဗားပလိတ် – တိုက်စစ်)**

ဖရန်ကို မာစတန်တူအိုနိုဟာ ရေးဗားပလိတ်ရဲ့ လူငယ်ကြယ်ပွင့်ကစားသမားတစ်ဦးဖြစ်ပြီး သူ့ရဲ့ထူးခြားတဲ့ ကစားဟန်နဲ့ စွမ်းဆောင်ရည်ကောင်းတွေကြောင့် ဘောလုံးပရိသတ်တွေရဲ့ အာရုံစိုက်မှုကိုရရှိထားသူ ဖြစ်ပါတယ်။ မာစတန်တူအိုနိုက တိုက်စစ်ကို အဓိကထား ကစားလေ့ရှိပေမယ့် ညာတောင်ပံမှာလည်း ကစားနိုင်တယ်။ အထူးသဖြင့် ပြိုင်ဘက်ခံစစ်တွေကြားမှာ လှုပ်ရှားပြီး ဘောလုံးကို ထိန်းချုပ်ကာ အခွင့်အရေးတွေ ဖန်တီးနိုင်စွမ်းရှိတယ်။ ဘောလုံးကိုထိန်းထားပြီး ကစားကွက်ကို ကြည့်တဲ့နေရာမှာလည်း စူးရှမှုရှိတယ်။ အလွတ်တည်ကန်ဘောတွေကိုလည်း ထိထိရောက်ရောက်ကန်နိုင်စွမ်းရှိတယ်။ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ အားအကောင်းဆုံးအခြေအနေမှာ မရှိနေသေးပေမယ့် အနာဂတ်မှာ ပိုမိုထွန်းလင်းတောက်ပလာနိုင်တဲ့အတွက် ဖရန်ကို မာစတန်တူအိုနိုကိုလည်း သတိထားစောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ပဲလ်မာ (ချယ်ဆီး – ကွင်းလယ်)**

ပဲလ်မာဟာ ကွင်းလယ်တိုက်စစ်သာမက တောင်ပံတိုက်စစ်အဖြစ် အဓိက ကစားလေ့ရှိပြီး ကွင်းထဲမှာ နေရာမျိုးစုံကနေ လှုပ်ရှားကာ သွင်းဂိုးတွေ ရယူနိုင်စွမ်းရှိသူ ဖြစ်ပါတယ်။ ဘယ်ခြေအားသန်တဲ့ ပဲလ်မာဟာ အဝေးကန်ချက်တွေနဲ့လည်း ဂိုးသွင်းယူနိုင်စွမ်း ရှိတယ်။ ဒ့ါအပြင် ပဲလ်မာဟာ ပြိုင်ဘက်ခံစစ်ကို ဖောက်ထွက်နိုင်တဲ့ ဘောလုံးဖြတ်တင်ပေးပို့မှုတွေ လုပ်ဆောင်ရာမှာလည်း ထူးချွန်တယ်။ ပဲလ်မာဟာခေါင်းတိုက်တဲ့နေရာ၊ခံစစ်ပိုင်း ပံ့ပိုးမှုနဲ့ဖြတ်တင်ဘောပေးပို့မှုတွေမှာ အားနည်းချက်အနည်းငယ်ရှိတယ်လို့ ဘောလုံးကျွမ်းကျင်သူတွေက ထောက်ပြကြပေမယ့် ပွဲရလဒ်အဖြေကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတာကြောင့် သတိထားစောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခုနှစ် ပုံစံသစ်နဲ့ကျင်းပမယ့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘယ်ကစားသမားတွေက ဘယ်လိုခြေစွမ်းတွေပြပြီး အသင်းကို ဘယ်အတိုင်းအတာအထိ ပို့ဆောင်သွားနိုင်မလဲဆိုတာ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဘောလုံးချစ်ပရိသတ်တွေ မျက်ဝါးထင်ထင်ကြည့်ရှုခံစားကြရတော့မှာ ဖြစ်ပါတယ်။ ။

## ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း(ရွာလွတ်) Grade-7 မှ မောင်အောင်ဟိန်းထက်၏ ဖခင်အမည်မှန်မှာ စောအောင်သိုက်၁၀/ခဆန(နိုင်)၁၂၆၀၅၁ဖြစ်ပါကြောင်း။

**စောအောင်သိုက်**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ Blossom ကိုယ်ပိုင်မူလတန်းကျောင်း Grade-1 မှ (ဘ) ဦးငြိမ်းစည်သူလွင် ၉/မခန(နိုင်) ၂၇၃၉၁၄ ၏သား အမည်မှန်မှာ မောင်ရှင်းသန့်ကိုကို ဖြစ်ပါကြောင်း။

**မောင်ရှင်းသန့်ကိုကို**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံး ဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀(၁)
### မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၂

ဒေါ်အေးအေးမော် (တရားလို) နှင့် ဒေါ်သန်းတင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်-၆၅၂(က)၊ နွယ်သာကီ(၂)လမ်း၊ (က)ရပ်ကွက်နေ တရားပြိုင် ဒေါ်သန်းတင်(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မြေကွက်နှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၇ ရက် ( ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၁၂၇)၊ မြေကွက်တည်နေရာ အမှတ်(၁၂၇)၊ နွယ်သာကီလမ်း၊(၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးကျော်ကျော်မင်း (MMO-263117) အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ် ဂရန်မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၁၄/၂၀၂၃ဖြင့် ဦးကျော်ကျော်ဦးမှ တရားလိုပြု၍ ဦးကျော်ကျော်မင်းအပေါ် တရားပြိုင်ထားကာ ပဋိညာဉ်စာချုပ်ပါအတိုင်းမြေနှင့် အိမ် တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုကြောင်း စွဲဆိုခဲ့ရာ စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် ၁၃-၂-၂၀၂၄ရက်စွဲပါစီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၂၃/၂၀၂၄)၏ ၁-၄-၂၀၂၄ရက်စွဲပါ အမိန့်နှင့်နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စားမြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း ၂၃-၈-၂၀၂၄ရက်စွဲပါ အကြောင်းကြားစာ ၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လှဲ့လှဲ့ခိုင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၂၂၀၁, ဟွန်ဒါ C-90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်စန်း ၅/မရန(နိုင်) ၀၆၀၁၈၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(မုံရွာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/11635 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၁၀/ပမန(နိုင်)၀၃၇၂၈၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဖားဆောင်းမြို့နယ်၊ အထက ဖားဆောင်းမှ မူလတန်းပြ ဒေါ်နန်းကြည်ကြည်ထွေး ၂/ဖဆန(နိုင်)၀၀၃၂၉၇ နှင့် ဒေါ်ကြည်ကြည်ထွေးသည် အမည်ကွဲလွဲသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၀-၄-၁၉၆၄ ဖြစ်ပါကြောင်းနှင့် ဖခင်ဖြစ်သူ ဦးဘူးဟဲနှင့် ဦးကားလိုသည် အမည်ကွဲလွဲသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ဖြဟ္မစိုရ်လမ်း၊ မြေကွက်အမှတ်(၄၃၄)၊ မြေပေ အကျယ်(၄၀x၆၀)ပေရှိ ဦးမြင့်ထွန်း အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်ကိုအရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဌေးဌေးဝင်း(၁၂/ပဘတ(နိုင်)၀၀၂၀၀၆)ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက် လုပ်ထားသော ပျဉ်ထောင်အုတ်ညှပ် (၂-ထပ်) လုံးချင်းနေအိမ် အပါအဝင်ကိုမိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အားအပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ မြေကွက်အမှတ် (၅၂၇)၊ မြေပေအကျယ် (၄၀x၆၀)ပေရှိ ဦးစံမြင့် အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်အမှတ်(၅၂၈)နှင့်ကပ်လျက်ဘက် အခြမ်း မြေပေအကျယ် (၂၀x၆၀)ပေရှိ မြေကွက်ကိုအရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်သင်းသင်းမာ (၁၂/ဒဂတ(နိုင်) ၀၆၅၁၄၅)က အထက်ပါမြေကွက်ကိုမိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ မြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန် အတွက်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည် အထိဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နေ ဒေါ်မြသဇင်၏ဖခင် ၂/ဒမဆ(နိုင်) ၀၀၂၉၈၈ ကိုင်ဆောင်သူ ဦးသန်းဖေ စိုးရယ်နှင့် ဦးစိုးရယ် သန်းဖေသည် အမည်ကွဲလွဲသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) မကြီးစု(1) Kg တန်းမှ မဇူလိုင်ဝေ၏ ဖခင် ဦးစန်းငွေ ၏ အမည်မှန်မှာ ဦးစန်းဝေ ၇/ ပမန(နိုင်)၀၇၈၂၅၅ ဖြစ်ပါကြောင်း။

**ဦးစန်းဝေ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ထိန်ခွန်းကျေးရွာ၊ ပါရမီရိပ်မွန် (၃)လမ်း၊ (အလျား ၆၀ပေ x အနံ ၆၀ပေ)ရှိ (ရွာမြေ) ၎င်းရွာမြေပေါ်ရှိ နေအိမ်ဥပစာ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ပိုင်ဆိုင်ရောင်းချသူ ဒေါ်ခင်မာရွှေ (၁၁/ကဖန(နိုင်)၀၄၈၃၄၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အပြီးအပိုင် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက် စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## အရောင်းရှားပါးသောမြေနေရာနှင့်တိုက်ရောင်းမည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ လမ်းမတန်း၊ မျက်နှာစာ(60')၊ ရှေ့နောက်(1 30')၊ စူနီယမ်ပတ်၊ ဆီဒိုးနားဟိုတယ်အနီး၊ မြန်မာပလာဇာအနီး၊ အင်းယားကန်အနီး၊ **International School** အနီး၊ ရန်ကင်းဈေးအနီး၊ **Star Villa & Suniran Park** ကွန်ဒိုဘေး၊ **Showroom** ဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ လူနေစီးပွားလုပ်ရန် အချက်အချာကျနေရာကောင်း၊ မြေပိုင်မြေ၊ ပိုင်ရှင်အမည်ပေါက်၊ ၂-ထပ်ခွဲအာစီ။

**ကျပ်သိန်း(140,000)**

**ဖုန်း-09-5178979, 09-43022828, 09-266966298.**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလ္လကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၅၂) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၈-လွှာ(ခေါင်းရင်းခန်း)၊ (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း(၁၅ပေ x ပေ၆၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးသက်နိုင် ၁၂/တမန(နိုင်)၀၃၆၅၄၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းစိုး ၃/မဝတ(နိုင်)၁၁၉၄၄၈ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးဘူမောင် (LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း (LL.B) (စဉ်-၂၇၀၇၅)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၂၁၊ နည်းဥပဒေ- ၂၂
### ကလောခရိုင်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄ နှင့် ဆက်နွယ်သည့်
### ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၂၂

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (အင်းဝဘဏ်လီမိတက်၊ ရပ်စောက်ဘဏ်ခွဲ၊ ကိုယ်စား ဦးဟိန်းထက်အောင် ဘဏ်ခွဲတာဝန်ခံ) (တရားနိုင်) နှင့် ၁။ ဒေါ်ဝင်းမြသွယ် ၂။ ဒေါ်ပြည့်ဖြိုးသီရိကျော် (တရားရှုံးများ)

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ရွာင်စုရပ်ကွက်နေ ၂၊ တရားရှုံး ဒေါ်ပြည့်ဖြိုးသီရိကျော် (ယခုနေရပ်လိပ်စာမသိ)အားသိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (အင်းဝဘဏ်လီမိတက်၊ ရပ်စောက်ဘဏ်ခွဲ၊ ဘဏ်၏ကိုယ်စား ဦးဟိန်းထက်အောင်၊ ဘဏ်ခွဲတာဝန်ခံ) လျှောက်ထားသည်ဖြစ်၍၊ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ၄ ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင်၊ ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၅ ခုနှစ်၊ ဇွန် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ချစ်လွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ကလောခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ-၅၊ ဦးပိုင်အမှတ် ၈၁/အောင်ဇေယျ x အောင်ဆန်းလမ်းကြား၊ ၅၅x၅၆ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲ အမှတ် (၅၀၃၉/၉၂-၉၃)အရ ဦးခင်မောင် ၉/မနတ(နိုင်)၀၅၄၅၈၁ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဦးသူရလွင် ၉/မသန(နိုင်)၀၀၁၅၇၈မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်- ၃၃၊ ဧရိယာ (၀.၀၅၅) ဧက၊ (၄၀ပေx၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၂-ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ်-၁၇၄ ဟုခေါ်တွင်သည့် (၃)ထပ် Steel Structure အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်သရဖီ (၁၂/ဒဂတ(နိုင်)၀၀၅၃၇၁) နှင့် တီဝန်ပြောင် (ခ) ဦးဇော်မင်းဟန် (၁၂/မရက(ပြု)၀၀၀၀၀၈)တို့အမည်များဖြင့် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်သူများမှ ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား မိမိတို့သာတရားဝင်ပိုင်ဆိုင်ကြောင်း၊ အမွေဆိုင် အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချခြင်းဖြင့်စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့် ရက်မှ စ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသောစာရွက် စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, DIL, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/33629, Honda ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျော်ကျော်ဦး ၂/လကန(နိုင်) ၀၂၄၅၃၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 68W/51140, Follow Me-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးထွန်း ၈/ပခက(နိုင်)၁၆၉၁၄၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၇၅၂၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင် ၅/ခဥန(နိုင်)၁၀၃၈၈၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 77W/15230, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၉/ညဥန(နိုင်) ၀၁၆၉၅၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၁၃၅၄၉, Honda Dream, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဟောင် ၁၃/ကတန(နိုင်)၀၂၆၂၆၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ) ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၈၁၃၉၆,Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလာ ၁၃/ကတန(နိုင်)၁၃၂၈၈၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ) ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/31758,Honda Wave-125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းသောင်းဟိန်း ၉/ကပတ(နိုင်)၂၇၈၄၅၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ) ကျိုင်းတုံမြို့**

ဧရာဝတီမျိုးစေ့ ဧရာဝတီမျိုးစေ့

# ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ အဲန်ကေ ၆၂၅ ပြောင်းမျိုး အပင်ပေါက်လုပ်ဆောင်မှုများနှင့် ပတ်သက်၍ အသိပေးကြေညာခြင်း

ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ စပ်မျိုးပြောင်း **NK 625** သည် နှစ်စဉ်နှစ်တိုင်း အပင်ပေါက်ရာခိုင်နှုန်း ပျမ်းမျှ ၉၅% သို့မဟုတ် ၉၅%ထက်မြင့်မားမှုရှိပြီး တောင်သူများ ယုံကြည်စိတ်ချစွာ စိုက်ပျိုးနေသော ပြောင်းမျိုးဖြစ်ပါသည်။

အထွက်ကောင်းခြင်း၊ အပင်ယိုင်လဲမှုခံနိုင်ရည်မြင့်ခြင်းကြောင့်လည်း တောင်သူများမှ နှစ်စဉ်စိုက်ပျိုးနေသောမျိုးဖြစ်ပြီး ဧရာဝတီမျိုးစေ့ကုမ္ပဏီသည် တောင်သူများလက်ဝယ်သို့ ရာသီအချိန်မီ ဖြန့်ဖြူးနိုင်ရန် အမြဲတမ်းကြိုးပမ်းနေပါသည်။

သို့ရာတွင် လွန်ခဲ့သောနှစ် ပြောင်းမျိုးစေ့များတင်သွင်းရာ၌ အချို့သောကြန့်ကြာမှုများကြောင့် အနည်းငယ်သော **NK 625 5kg (Thailand)** မျိုးစေ့များတွင် အပင်ပေါက် သက်ရောက်မှုများ ရှိခဲ့ပြီး သတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းစံချိန်အောက်ရှိခဲ့ကြောင်း သိရှိခဲ့ရသဖြင့် အောက်ပါဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ပါသည်-

- မျိုးစေ့အထုပ်ပေါင်း ၂၅၀ ကျော်မှ မျိုးစေ့များကို ဓာတ်ခွဲခန်းနှင့် ကွင်းစမ်းသပ်မှုများ ပြုလုပ်ခဲ့ပါသည်။
- အများစုမှာ နိုင်ငံတော်မှသတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းဖြစ်သည့် ၈၅% အထက်ရှိကြောင်း တွေ့ရှိရပါသည်။
- အပင်ပေါက်ရာခိုင်နှုန်း စံချိန်မပြည့်မီသော အောက်ပါမျိုးစေ့အထုပ် (သို့) **Lots** ၉ ခုအား ချက်ချင်းပြန်လည်သိမ်းယူခဲ့ပြီး အပင်ပေါက်ကောင်းသော မျိုးအိတ်များဖြင့် လဲလှယ်ပေးခဲ့ပါသည်။
  **NK 625 – 18864541, 18864542, 18864545, 18864547, 18890440, 18855778, 18855781, 18855782, 18916923**
- တောင်သူများ ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် ကိုယ်စားလှယ်များမှတစ်ဆင့် ငွေအပြည့်ပြန်အမ်းခြင်းနှင့် မျိုးစေ့အိတ်များ အစားထိုးလဲလှယ်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။
- လွန်ခဲ့သော(၂)လအတွင်း ကျွန်တော်တို့၏ ကွင်းဆင်းအဖွဲ့များသည် နိုင်ငံတစ်ဝန်းရှိ တောင်သူ ၃၀၀၀ ကျော်၊ မျိုးစေ့ဖြန့်ဖြူးသူ(၃၀)ကျော်နှင့် ကိုယ်တိုင်တွေ့ဆုံကာ ဖြစ်ပေါ်လျက်ရှိသော ကိစ္စအတွက် စိတ်ကျေနပ်မှုရရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။
- ကျွန်တော်များအနေဖြင့် ယခုကိစ္စရပ်နှင့်ပတ်သက်ပြီး ဖြန့်ဖြူးထားသောမျိုးစေ့များအတွက် အပြည့်အဝဖြေရှင်းနေပါကြောင်းကိုလည်း အသိပေးပါသည်။

မိမိတွင်ရှိသော**NK 625 5kg** မျိုးစေ့ထုပ်များကို ပြန်လည်ပေးအပ်လိုပါက ဝယ်ယူခဲ့သောဆိုင်မှတစ်ဆင့် (သို့မဟုတ်) ကုမ္ပဏီထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ၅ကီလို တစ်အိတ်လျှင် = ၁၆၅,၀၀၀ ကျပ် အပြည့်အဝပြန်လည်ပေးအပ်သွားပါမည်။ မိမိစိုက်ပျိုးထားရှိသည့်မျိုးစေ့များ၏ အပင်ပေါက်နှုန်းနှင့်စပ်လျဉ်း၍ အကြံဉာဏ်ရယူဆွေးနွေးလိုပါကလည်း ကိုယ်စားလှယ်ဆိုင်မှ တစ်ဆင့်ဖြစ်စေ၊ ကုမ္ပဏီထံသို့ဖြစ်စေ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

တောင်သူများအနေဖြင့် မိမိတို့ဝယ်ယူခဲ့သော ပြောင်းမျိုးစေ့ဈေးနှုန်းနှင့် ကုမ္ပဏီမှပြန်လည်ဝယ်ယူသော ၁၆၅,၀၀၀ ကျပ်ကြား ကွာဟမှုတစ်စုံတစ်ရာရှိပါက မိမိဝယ်ယူခဲ့သော ဆိုင်များတွင် ညှိနှိုင်းဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

- နီးစပ်ရာကိုယ်စားလှယ်ဆိုင်
- ရှမ်း(တောင်) : ၀၉-၇၅၀၂၁၁၆၈၇
- ရှမ်း(မြောက်) : ၀၉-၇၅၀၂၁၁၆၈၈
- info@ayeyarwaddyseeds.com

ယခုကိစ္စရပ်ဖြစ်စဉ်တစ်လျှောက်လုံးတွင် နားလည်မှု၊ ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ကိုယ်စားလှယ်များနှင့် တောင်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဧရာဝတီမျိုးစေ့ကုမ္ပဏီအနေဖြင့် ပွင့်လင်းမြင်သာမှုနှင့်အတူ ကောင်းမွန်သော အရည်အသွေးများဖြင့် မြန်မာ့စိုက်ပျိုးရေးအသိုက်အဝန်း ရေရှည်အောင်မြင်မှုအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ယုံကြည်ရသောမျိုးစေ့၊ ထက်မြက်သောစွမ်းဆောင်ရည်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၄)၊ ဦးလှဖေလမ်း၊ မြေကွက်အမှတ်(၁၀၉၄)၊ မြေပေအကျယ်ရေီယာ(၀.၀၅၆)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်အယ်လ်နာသိန်း (၁၂/မရက(နိုင်)၀၈၁၁၉၅) က ယင်းမြေကွက်နှင့်မြေကွက် ပေါ်တွင်ဆောက်လုပ်ထားသော ပျဉ်ထောင်အုတ်ညှပ် (၂)ထပ်လုံးချင်း နေအိမ်အပါအဝင်သည် အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ပြီးဆုံးသည် အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ် – ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ဖခင်အမည်မှန်

တောင်ငူမြို့နယ်၊ အထက (နတ်စဉ်ကုန်း) G-12(D)မှ မခိုင်သဇင်သော်၏ ဖခင်အမည်မှန်မှာ ဦးနိုင်မင်းစိုး (၇/တငန(နိုင်)၁၉၈၃၄၆)ဖြစ်ပါကြောင်း။

**ဦးနိုင်မင်းစိုး**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၆-၂၀၂၅ ရက်ထုတ်ဤသတင်းစာ စာမျက်နှာ(၂၀)ပါ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြော်ငြာစာ၊ မဟာအောင်မြေမြို့နယ်ကြော်ငြာတွင် ဦးပိုင်အမှတ်(၁၂၃က ခဲစင်းအရှေ့ခြမ်း+၁၂၃)အစား ဦးပိုင်အမှတ်(၁၂၃က ခဲစင်းအရှေ့ခြမ်း+၁၂၄)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/2459 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/28073 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်ဈေးလမ်း၊ စည်ပင်လိုင်းခန်းနေ အဖ ဦးကျော်ဝေ ၁၂/ရကန(နိုင်)၀၁၀၁၈၅ ၊ အမိ ဒေါ်မော်မော်သူ ၁၂/ရကန(နိုင်) ၀၁၀၁၈၆ တို့၏သား မောင်ကျော်မင်းထူး ၁၂/စခန(နိုင်)၀၆၀၆၉၅ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိခင်ဖြစ်သူအား အကြိမ်ကြိမ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်**
**ဒေါ်မော်မော်သူ**
**၁၂/ရကန(နိုင်)၀၁၀၁၈၆**

## ဘိုးဘပိုင်မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၇၂)၊ ရွာတန်းရှေ့အကွက်၊ ဦးပိုင်အမှတ် (၂၁ᵇ)၊ မြေဧရိယာ(၀.၀၇၆) ဧကရှိ မြေကွက်အား အရှေ့ဘက် – ဦးပိုင်အမှတ် (၂၂)၊ (၂၃) အနောက်ဘက်– ဦးပိုင်အမှတ် (၂၁ᵃ)၊ တောင်ဘက် – ဦးပိုင်အမှတ် (၂၃)၊ မြောက်ဘက် – ရွှေစာရံဘုရားလမ်းရှိ မြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း) ပေးရန် ဒေါ်ခင်မြင့်မှ လျှောက်ထားလာသည့်အတွက် ဒေါ်ခင်မြင့်၏ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့် တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊သထုံမြို့**

## ဘိုးဘပိုင်မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၇၀)၊ နတ်စင်ကုန်းအကွက်၊ ဦးပိုင်အမှတ်(၇၁/က)၊ မြေဧရိယာ(၀.၀၆၇)ဧက၊ ၎င်းအကွက်၊ ဦးပိုင်အမှတ်(၇၁/ခ) မြေဧရိယာ(၀.၀၃၂) ဧက စုစုပေါင်းမြေဧရိယာ(၀.၀၉၉)ဧကရှိမြေကွက်အား အရှေ့ဘက် – ဦးပိုင်အမှတ် (၇၂)၊ အနောက် ဘက်– ဦးပိုင်အမှတ်(၇၀)၊ တောင်ဘက် – မြို့ရိုး၊ မြောက်ဘက်– သထုံမှ ဒူးရင်းဆိပ်သို့ ကားလမ်းရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဦးစိုးမိုးလှိုင်၊ ဒေါ်ခင်ရှိန်တို့မှ လျှောက်ထားလာသည့်အတွက် ဦးစိုးမိုးလှိုင်၊ ဒေါ်ခင်ရှိန်တို့၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၉)ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့် တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**သထုံမြို့နယ်မြေ စာရင်းဦးစီးဌာန**
**သထုံမြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး မြစ်ကြီးနားမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** | - | ၁၃-၆-၂၀၂၅ရက် |
| (ခ) | **တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်** | - | ၂၆-၆-၂၀၂၅ရက် |
| (ဂ) | **တင်ဒါတင်သွင်းရမည့်ရက်** | - | ၂၇-၆-၂၀၂၅ရက် နံနက် ၉နာရီမှ ညနေ ၃နာရီ ထိ |
| (ဃ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ အစည်းအဝေးခန်းမ |

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကချင်ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံးတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

## မြေငှားဂရန်ခွဲအမည်ပြောင်းလျှောက်ထားခြင်းကိစ္စအပေါ် ကန့်ကွက်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(K-အစိုးရမြောက်)၊ ဦးပိုင်အမှတ် (၅၈/င/၂)၊ ဧရိယာ(၀.၇၄၇)ကေအကျယ်ရှိ မြေကွက်သည် မူလက ဒေါ်စိန်ကြည်နှင့် ဒေါ်ခင်ခင်တို့ (၂)ဦးအမည်ဖြင့် မြေငှားဂရန်ထုတ်ပေးထားသော မြေကွက်ဖြစ်ပါသည်။ ယခုအခါ ဒေါ်စိန်ကြည်ကွယ်လွန်သွားပြီဖြစ်သော်လည်း ကွယ်လွန်သူ ဒေါ်စိန်ကြည်၏ အမွေစားအမွေခံများဖြစ်ကြသော ဗကကောင်းကျော်(ငြိမ်း)၊ ဒေါ်လေးလေးနွယ်၊ ဦးကောင်းဇော်၊ ဒေါ်သီရိကြည်ကြည်၊ ဒေါ်ဝင့်ဝါရွှေနှင့် ဦးအောင်မျိုးခိုင်တို့ထံမှ သဘောတူခွင့်ပြုချက်မရရှိဘဲ ဒေါ်ခင်ခင်တစ်ဦးတည်းအမည်ဖြင့် မြေငှားဂရန်ခွဲ အမည်ပြောင်း လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ပါကြောင်း အမွေဆိုင်တစ်ဦးဖြစ်သူ ကျွန်ုပ်၏အမှုသည် ဦးအောင်မျိုးခိုင်(၈/မဘန(နိုင်)၀၄၅၅၉၈)၏လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးကန့်ကွက်တင်ပြအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ဖုန်း- ၀၉-၅၁၈၁၁၈၅၊ ၀၉-၄၃၁၃၃၉၉၀**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 69W/76425, Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းလတ် ၁၄/ဟသတ(နိုင်)၂၄၉၇၁၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/01960, Turbo Star-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၄/မမန(နိုင်)၀၂၀၆၂၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/47107, Zuzuki Smash Revo, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လွင် ၇/ပမန(နိုင်)၀၅၄၀၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ထုတ်ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားအား မှတ်ပုံတင်သွင်း ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ အမှတ် (၆)၇၄၀၊ သစ်တောလမ်း၊ ရပ်ကွက်ကြီး(၆)နေ ဦးမိုးဇော်မှ (GROW WITH ME)တံဆိပ်အမည်အမှတ်အသားဖြင့် သဘာဝ မြေဩဇာထုတ်လုပ်ခြင်း၊ သဘာဝအကျိုးပြု အဏုဇီဝပိုးထုတ်လုပ်ခြင်း၊ ဩဂဲနစ်သီးနှံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်း၊ ဩဂဲနစ် စားသောက်ကုန်များ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါ ထုတ်ကုန်တံဆိပ် အမှတ်အသားအား ပြင်ဦးလွင်မြို့နယ်၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေငြာပါသည့်ရက်မှစ၍(၇)ရက် အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမိုးဇော်**
**၉/အမဇ(နိုင်)၀၇၁၁၂၉**
**အမှတ် (၆)၇၄၀၊ သစ်တောလမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၉၆၅ ၅၅၅၁၀၄**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၅/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၅၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ပန်းပပ ၁၂/အစန (နိုင်)၀၅၄၇၂၇ မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူ များရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ပျဉ်းမနားမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁

ဒေါ်ယဉ်မေသူ နှင့် (၁) ဒေါ်ချောကေခိုင်
(၂) ဦးအောင်မျိုးမြင့်

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်)ပိုင်းမြို့နယ်၊ (၃၄)ရပ်ကွက်၊ ယမနေ(၅)လမ်း၊ အမှတ် (၇၀၆) နေ ဒေါ်ချောကေခိုင်၊ ဒါရိုက်တာ၊ FOREVER TRUST GROUP CO.,Ltd. နှင့် ဦးအောင်မျိုးမြင့် ဒါရိုက်တာ၊ FOREVER TRUST GROUP CO.,Ltd. (၎င်းတို့၏ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဖြစ်သည့် ဒေါ်ယဉ်မေသူက "ပေးချေထားသည့် ကုန်ဖိုးငွေ (၂၁၄၀၅၂၆၈)နှင့် နစ်နာကြေးငွေ (၄၀၀၀၀၀၀) စုစုပေါင်းငွေ ကျပ် ၂၅၄၀၅၂၆၈ ကျပ်ရလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ် ၍၊သင်တို့ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီး သည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၃ ရက် (၁၃၈၇ခုနှစ်၊ နယုန်လဆုတ် ၁၃ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူတို့သည် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည် ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင် လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

